နေ့စွဲ - ၁၃. ၁. ၂၀၁၃

<u>*သမိုင်းကဏ္ဍ*</u> ***(History)***

## အာလ်ရစ်ချ် ဇွင်လီ – ဇူးရစ်ချ်(ဆွစ်ဇာလန်)ပြန်လည်ပြုပြင်သူ
(Ulrich Zwingli: Reformer of Zurich)

**နိဒါန်း**

ဘုရားသခင်၏ နိုင်ငံတော်နှင့်ပဋိညာဉ်လုပ်ငန်းစဉ်တွင် (the work of God's kingdom and covenant)၊ တဦးတယောက်တည်းက ဘုရားသခင်၏အလုပ်အားလုံးကို လုပ်နိုင်ခြင်းမရှိပါ။ မိုးဇက်စ် က အစ္စရေးတို့ကို အီဂျစ်ပြည်မှ ကယ်လွှတ်ကာ၊ ၄င်းတို့ကို သဲကန္တာရထဲမှ ခေါ်ဆောင်နိုင်ခဲ့သော်လည်း၊ ဂျောရှုဝါကသာ ၄င်းတို့ကို ခေနန်ပြည်ထဲသို့ ခေါ်ဆောင်သွားနိုင်ခဲ့ပါသည်။ ဒေးဗစ်က ဂျေဟောဗား၏စစ်ပွဲများကို ဘုရားသခင်ရွေးကောက်ထားသောလူတို့ကိုယ်စား တိုက်နိုင်ခဲ့ပါသော်လည်း၊ သူသည် ဗိမ္မာန်တော်ကိုတော့ မဆောက်နိုင်ခဲ့ပါ။ ဆော်လမွန်ကသာ ဆောက်ခဲ့ရပါသည်။ ခရစ်တော်တဦးတည်းကသာ လုပ်စရာလိုအပ်သော အလုပ်အားလုံးကို တယောက်တည်း လုပ်နိုင်ပါသည်။

ပြန်လည်ပြုပြင်ခြင်း(ရီဖော်မေးရှင်း)လုပ်ငန်းစဉ်တွင်လည်း လူအများ မိမိတို့ကဏ္ဍအသီးသီးကို ပါဝင်လုပ်ဆောင်ခဲ့ကြပါသည်။ အချို့တို့မှာ အလွန်အရေးပါကြ၍၊ အချို့တို့မှ သိပ်အရေးမပါကြပါ။ သို့သော် အယောက်တိုင်း မိမိတို့နေရာမှ ပါဝင်ကပြသွားခဲ့ကြပါသည်။ လူသာက အားလုံးကို လုပ်မသွားနိုင်ပါ၊ ဂျီနီဗာမြို့(ဆွစ်ဇာလန်နိုင်ငံ)တွင် ကဲလ်ဗင်း၊ စကော့တလန်တွင် နော့စ်တို့၏လုပ်ကိုင်မှု လိုအပ်ပါသည်။ ကဲ့လ်ဗင်းကလည်း ဆွစ်ဇာလန် တနိုင်ငံလုံးကို ပြုပြင်ပြောင်းလဲဖို့ မလုပ်နိုင်ပါ။ ဇွင်လီ အတွက် လုပ်ဆောင်ရမည့်နေရာရှိနေပါသည်။ ထိုသို့ဖြင့် ဇွင်လီကိုလည်း ကြီးမြတ်သောပြန်လည်ပြုပြင်သူ(ရီဖေါမ်းမား)လေးဦးထဲတွင် တဦးအဖြစ် သတ်မှတ်ကြပါသည်။

**ဇွင်လီ ဗပြောင်းလဲခင်ဘဝ**

အသက်ရှူမှားလောက်အောင်လှပသော အဲလ်ပိုင်းတောင်တန်းများအကြား ဝီလ်ဟပ်စ်ဒေသရှိ တော့ဂ်ဂင်ဘာ့ဂ်တောင်ကြားတွင်၊ အာလ်ရစ်ချ်ဇွင်လီသည် ဆင်းရဲနွမ်းပါးလှသည့် သိုးထိန်းတို့အိမ်တွင် မွေးဖွားလာခဲ့ပါသည်၊ ထိုရွာငယ်လေး၏ သူကြီးအိမ်တွင်ဖြစ်ပါသည်။ သူ့မိသားစုသည် ကြီးမားပါသည်၊ ညီအကို (၇)ယောက်ရှိသည်၊ သူသည် တတိယမြောက်သား ဖြစ်သည်၊ ညီမ နှစ်ဦးလည်းရှိပါသည်။ သူသည် မာတင်လူသာ မွေးဖွားပြီး ခုနှစ်ပတ်မြောက်တွင် ဖွားမြင်လာခဲ့ပါသည်၊ ဇန်နဝါရီလ ၁ ရက်၊ ၁၄၈၄။

ဇွင်လီ သူ၏ပညာရေးကို ထိုခေတ် ဆွစ်ဇာလန်နှင့်ဩစထရီးယားနိုင်ငံတို့၏ နာမည်ကျော်ယူနီဗာစီတီ(တက္ကသိုလ်)များမှ ရရှိခဲ့ပါသည်။ သူသည် ထိုခေတ် ရီနေးဆန့်(အသိပညာပြန်လည်ဆန်းသစ်ခြင်း)၏လူသာပဓာနဝါဒ(Humanism of the Renaissance) လွှမ်းမိုးမှုကို ခံရသူဖြစ်ပါသည်။ ထိုအချက်သည် အရေးကြီးပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဇွင်လီ၏ လူသာပဓါနဝါဒသည်၊ သူပြောင်းလဲပြီးနောက်ပိုင်းတွင်လည်း သူ့သီဩလော်ဂျီကို လွှမ်းမိုးကာ၊ သူပြုလုပ်သော ပြန်လည်ပြုပြင်ရေးလုပ်ငန်းစဉ်များကိုလည်း အလွန်လွှမ်းမိုးခဲ့၍ဖြစ်ပါသည်။ ရီနေးဆန့်(အသိပညာပြန်လည်ဆန်းသစ်ခြင်း)ဆိုသည်မှာ အီတလီနိုင်ငံတွင် ဇွင်လီတို့ခေတ်မတိုင်မီ နှစ်ပေါင်း(၂၀၀)ခန့်မှ စတင်ဖြစ်ပေါ်လာခဲ့သော လှုပ်ရှားမှုတမျိုးဖြစ်ပါသည်၊ ရှေးခေတ်စာပေများကို ပြန်လည်လေ့လာကြခြင်းဖြစ်သည်၊ ရှေးခေတ်ဂရိစာပေများ၊ ရောမစာပေများအား ပြန်လည်လေ့လာလိုက်စားကြခြင်း လှုပ်ရှားမှုဖြစ်ပါသည်။ လူသားကို ချီးမြှောက်သော လှုပ်ရှားမှုဖြစ်သည်။ (အရာအားလုံးအတွက် လူသာပဓါန ကျသည်၊ ဘုရားက သိပ်အရေးမကြီးဟုဆိုကြသည်)

ဘေဆယ်လ်မြို့တွင် ဇွင်လီသည် လက်တင်သဒ္ဒါ၊ မြူးဇစ်(ဂီတပညာ)၊ ဒိုင်ယာလက်တစ် ကျိုးကြောင်းဆင်ခြင်မှုပညာ တို့ကို သင်ယူခဲ့ပါသည်။ ထို့နောက် ဘန်းမြို့တွင် သူသည် အကြီးကျယ်ဆုံးသော ဂန္ထဝင်ဘာသာရပ်၏ ဆရာဂုရုနှင့် ဆွစ်ဇာလန်တတိုင်းပြည်လုံး၏ ကဗျာဆရာ၊ တချိန်ထဲတွင် လူသာပဓါနဝါဒခေါင်းဆောင် လူဖူးလပ်စ်(Lupulus)ထံ၌ ဆက်လက်ပညာသင်ယူပါသည်။ ထို့နောက် ဗီယင်နာမြို့တော်တွင် စကောလားစတစ်ဖီလိုဆိုဖီ(ကျောင်းတော်ဝါဒ ဒဿန)၊ နက္ခတ္တဗေဒ၊ ရူပဗေဒ၊ ရှေးဂန္ထဝင်စာပေများကို ဆက်လက်သင်ယူခဲ့ပြန်ပါသည်။ သူ၏ပညာရေးသည် မာတင်လူသာနှင့်တော့ ကွာခြားပါသည်၊ ကဲလ်ဗင်းရရှိသော ပညာရေးနှင့် ပို၍ဆင်တူပါမည်။ သို့သော် လူသာ၊ ဇွင်လီ၊ ကဲလ်ဗင်း ပြန်လည်ပြုပြင်သူ(ရီဖေါမ်းမား)သုံးဦးစလုံးသည် အလွန်ပညာတော်သော၊ မြင့်မားလှသော ပညာတတ်များဖြစ်ကြပါသည်(highly educated men)။ ဘုရားသခင်က ပညာတတ်များကိုလည်း အသင်းတော်တွင် မည်သို့အသုံးပြုသည်ကို သတိပြုမိစေပါသည်၊ ဓမ္မဟောင်းကာလမှ မိုးဇက်စ်လည်း ထိုသို့ပင် ဖြစ်ခဲ့ပါသည်၊ "အီဂျစ်တိုင်းပြည်၏ ဉာဏ်ပညာအားလုံးကို သင်ယူခဲ့သူ"ဟု ကျမ်းစာကပြောပါသည်။

ဘေဆယ်မြို့သို့ပြန်လာသောအခါ၊ ဇွင်လီသည် "မာစတာအော့ဖ်အာ့တ်"(Master of Arts မဟာဝိဇ္ဇာဘွဲ့)ရဖို့ တက္ကသိုလ်တွင် စာသင်ပေးသလို၊ သူကိုယ်တိုင်လည်း ဆက်လက်ပညာသင်ပါသည်။ မဟာဝိဇ္ဇာဘွဲ့ကို ၁၅၀၆ တွင် ရရှိခဲ့ပါသည်။ ဘေဆယ်မြို့တွင်တွေ့ကြုံရသော အဖြစ်အပျက်နှစ်ခုက သူ့ဘဝနောက်ပိုင်းကို ပုံသွင်းပေးဖို့ ဖြစ်လာခဲ့ပါသည်။ သူ့အား မာစတာဘွဲ့အတွက်

သင်ပေးသူမှာ အသင်းတော်ကို ပြန်လည်ပြုပြင်ဖို့(ရီဖေါမ်းလုပ်ဖို့) အလွန်စိတ်အားထက်သန်သူ ထောမတ်စ် ဝေတဲန်းဘက်(Thomas Wyttenback)ဆိုသူ ဖြစ်သည်၊ နောက်တယောက်မှာ တသက်လုံးသူငယ်ချင်းကောင်းဖြစ်လာမည့် လီယိုဂျု(Leo Jud)ဆိုသူနှင့် တွေ့စုံရခြင်းဖြစ်သည်၊ ကျန်ရှိနေသော သူ့ဘဝတလျှောက်၏ သူငယ်ချင်းကောင်းနှင့် အသင်းတော်ပြန်လည်ပြုပြင်ရာတွင် အတူတူ လုပ်ကိုင်သူ ဖြစ်လာခဲ့ပါသည်။ ထိုသူနှစ်ဦးက သူ့အတွေးထဲသို့ ပျက်ဆီးယိုယွင်းနေသောရိုမန်ကက်သလစ်ဂိုဏ်းကို ပြုပြင်ဖို့လိုအပ်သည် ဆိုသောအတွေးကို ရောက်လာစေကြပါသည်။

ဇွင်လီသည် အနုပညာသည်မှ အကောင်းစားအနုပညာသည်ဖြစ်သည်၊ သူစာသင်နေစဉ် မျိုးစုံသောတူရိယာများကို ကျွမ်းကျင်စွာတီးခတ်ဖို့ တတ်ကျွမ်းလာခဲ့ပါသည်၊ ကြိုးများစွာတပ်သောတူရိယာ(lute)၊ စောင်း၊ တယော၊ ပုလွေ(flute)၊ ဒူလ်စီမာကြိုးတပ်တူရိယာ၊ လေထွက်ဖို့ခွေလိမ်သောလည်ပင်းရှိသည့် ထရမ်းပက်တမျိုး(မြန်မာပြည်တွင်မည်သူမျှမသုံးဘူးသေး) စသည်တို့ကို ကျွမ်းကျင်စွာ တီးခတ်နိုင်ပါသည်။ ထိုအရည်အချင်းကိုသူသည် သူ့ဘဝတလျှောက် ကောင်းစွာအသုံးပြုခဲ့ပါသည်၊ လှပသော ကဗျာများ၊ သီချင်းများကို ရေးစပ်ခဲ့ပါသည်။

**သူ၏အစပျိုးအမှုတော်ဆောင်ခြင်း**

သူသည် သူ၏အမှုတော်ဆောင်ဘဝကို ၁၅၀၆ တွင်စတင်ခဲ့ပါသည်။ ဂလောင်ရပ်စ်မြို့(Glaurus)၌ ဘုန်းတော်ကြီးအဖြစ် လက်တင်မင်္ဂလာရပါသည်။ သို့သော် ထိုနေရာအတွက်ပြိုင်ဖက်ရှိသဖြင့်၊ ဆွစ်ငွေ ၃၀၀ ပေး၍ဝယ်ယူခဲ့ရပါသည်။ သူသည် အမှုတော်ဆောင်ခြင်းထဲတွင် သူ့ကိုယ်သူ လုံးလုံးမြှုပ်နှံထားခဲ့ပါသည်၊ သူတတ်နိုင်သလောက် တရားဟောခြင်း၊ သင်ပေးခြင်း၊ သင်းအုပ်အလုပ်မျိုးစုံကို ကြိုးစားလုပ်ကိုင်ခဲ့ပါသည်၊ သို့သော် သူသည် မပြောင်းလဲသူသာဖြစ်ခဲ့ပါသည်။ သူသည် အချိန်မြောက်များစွာ ရှေးဂရိစာပေများနှင့်ရောမစာပေများကို လေ့လာခြင်း၌ ကုန်လွန်စေခဲ့ပါသည်။ ဂရိစာပေများလေ့လာဖို့ သူ့ဘာသာ ဂရိဘာသာကို ထပ်လေ့လာရပါသည်။ ထို့နောက် ထိုဘာသာတွင် တဖက်ကမ်းခတ် ကျွမ်းကျင်သွားပါတော့သည်။ သူများများဖတ်လေ၊ ဂန္ထဝင်စာပေများကို ပို၍ချစ်မြတ်နိုးလေ ဖြစ်လာပါသည်။ ထို့သို့ဖြင့် ဘုရားသခင့်ဝိညာဉ်တော်သည် ပါလက်စတိုင်းဒေသလွန်အောင် လုပ်ကိုင်ခဲ့လိမ့်မည် ဆိုသည့်အတွေး ဖြစ်ပေါ်လာပါသည်၊ ပါလက်စတိုင်းဒေသအလွန် ရုပ်တုကိုးကွယ်သော အတွေးအခေါ် ပညာရှင်များ ထံ၌လည်း ဝိညာဉ်တော်သည် လုပ်ဆောင်တော်မူကောင်းမူပါမည်၊ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့၏စာပေများကို ဝိညာဉ်တော်၏လုပ်ဆောင်ပေးခြင်း ဆိုသည့်ရှုထောင့်မှနေ၍သာ ဖြေရှင်းချက်ပြုနိုင်ပါမည်ဟု ထင်မြင်ယူဆလာပါသည်။ ထို့သို့ဖြင့် သူသည် နောင်တချိန်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ရုပ်တုကိုးကွယ်သူတို့အကြားတွင်လည်း ကျေးဇူးတော်အားဖြင့်၊ လူတိုင်းထံတွင် လုပ်ဆောင်တော်မူပါသည်ဆိုသော "အများနှင့်ဆိုင်သောကျေးဇူးတော်ဝါဒ"(common grace)ကို ထောက်ခံသူများ၏ အမြင်များအား ရှေ့ပြေးတွေးခေါ်ခဲ့သူဖြစ်သည်။ သူ၏အသိပညာနှင့်အရည်အချင်းက ကြီးမားလွန်းလှသဖြင့်၊ သူ့ညီအကိုနှစ်ဦး၏ ပညာရေးနှင့် ဂလောင်ရပ်စ်မြို့သူ ကောင်းမျိုးနွယ်မှ လူငယ်များ၏ပညာရေးကို ကြီးကြပ်ကွက်ကဲခဲ့ပါသည်။ ၄င်းတို့သည် သူ၏ခိုင်မာသော သူငယ်ချင်းကောင်းများ ဖြစ်လာကြကာ၊ သူပြုလုပ်သော ပြန်လည်ပြုပြင်ရေးတလျှောက် သူနှင့်အတူ မားမားမတ်မတ် ရပ်တည်သူများ ဖြစ်လာကြပါသည်။

ထိုကာလများအတွင် သူသည် ဆွစ်ကုန်သည်များနှင့်အတူ အီတလီသို့ သုံးကြိမ်သွားရောက်ခဲ့ကာ၊ ဆွစ်တို့၏ဓလေ့ထုံးစံကို မုန်းတီးလာရပါသည်။ ထိုဓလေ့ထုံးစံသည် ဇွင်လီ၏ဘဝအတွက် အတော်လေးအရေးပါသဖြင့် အနည်းငယ်ပြောပြမှုရှင်းပါမည်။

ဆွစ်လူမျိုးများ အရွယ်ရောက်လာကြသောအခါ၊ မိမိတို့ကိုယ်ကို ကြေးစားစစ်သားများအဖြစ် အငှားခံကြခြင်းဖြစ်သည်။ သို့သော် ၄င်းဓလေ့ထုံးစံကို ဇွင်လီက အလွန်မုန်းပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းဖြင့် မြို့သားများ၏အကျင့်စာရိတ္တပျက်ယွင်းလာသောကြောင့်ဖြစ်ပါသည်။ ဖခင်များ အိမ်မှ အဝေးသို့ အချိန်ကြာမြင့်စွာ ရောက်နေကြသဖြင့်၊ ၄င်းနှင့်ဆက်စပ်၍ စာရိတ္တယိုယွင်းခြင်းမျိုးစုံ နောက်ဆက်တွဲဖြစ်ပျက်လာပါသည်။ ထို့သို့ဖြင့် ယောကျ်ားများသည် ရက်စက်ကြမ်းကြုပ်ခြင်းနှင့်မာကျောသော စိတ်သဘောထားရှိခြင်းတို့တွင် အကျင့်ပါလာကြပါသည်။ စစ်ပြန်တို့၏ ဘဝအတွေ့အကြုံပြင် ဖြစ်ပါတော့သည်။ ထိုဓလေ့ထုံးစံသည် ရိုမန်ကက်သလစ်ဂိုဏ်းနှင့် ပြဿနာတက်ရသောဓလေ့ထုံးစံဖြစ်လာပါသည်၊ အဘယ့်ကြောင့်ဆိုသော် ရိုမန်ကက်သလစ်ဂိုဏ်းက ထိုဓလေ့ထုံးစံကို ထောက်ခံ၍ဖြစ်သည်။ ထို့သို့ပြုခြင်းဖြင့် သူတို့သည် အလှူငွေအမြောက်အများ ရရှိ၍ဖြစ်ပါသည်။ ထိုခေတ်ပညာရှင်များ၏တွက်ချက်မှုအရ၊ တနှစ်လျှင် ဆွစ်ဇာလန်ပြည်မှနေ၍ အလှူငွေ၊ ပေါင်စတာလင် သုံးသန်းကျော် အမြဲရနေသည်ဟူ၍ဖြစ်ပါသည်။ ထိုဓလေ့ထုံးစံဖြင့် ကြေးစားစစ်သားများသည် ပုတ်ရဟန်းမင်းနှင့်ဆက်သွယ်ကာ၊ ပုတ်ရဟန်းမင်းစံမြန်းရာ ဗာတီကန်နန်းတော်ကို ဆွစ်အစောင့်များကသာ စောင့်ကြပ်သောဓလေ့ ဖြစ်လာရပါသည်။

၁၅၁၅ တွင် ဇွင်လီ အိုင်းစီဒဲန်မြို့(Einsiedeln)သို့ ပြောင်းရွှေ့ပါသည်၊ ထိုနေရာတွင် သူ သုံးနှစ်ခန့် နေထိုင်သည်။ ထိုသို့နေထိုင်စဉ် သူသည် ရိုမန်ကက်သလစ်တို့၏ အကျင့်ဆိုးများစွာကို သေချာစွာ သိနားလည်လာခဲ့သည်။ အထူးသဖြင့် အပြစ်မှ ခွင့်လွှတ်ပေးနိုင်ခွင့်စာရွက်များ(indulgences)အား ရောင်းချခြင်းကိုဖြစ်သည်၊ ဆွစ်ဇာလန်တွင် ထိုစာရွက်များရောင်းဝယ်ဖေါက်ကားနေသူ ဆဲမ်ဆုန်(Samson) ဆိုသူက ရောင်းချဖို့ ပြင်ဆင်သောအခါဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ထိုသို့ပြုခြင်းသည် မာတင်လူသာက ၄င်းအပြစ်လွှတ်ခွင့် စာရွက်များအား မဆန့်ကျင်မီ နှစ်နှစ်ခန့်စော၍ ထိုသို့ပြုခြင်းကို ဖြစ်ပါသည်။ ဇွင်လီသည် ထိုစာရွက်များကို အပြင်းအထန် ကန့်ကွက်သောတရားဟောချက်များကို မိမိ၏တရားပလ္လင်မှ ဟောကြားနေခဲ့ပါသည်။ ထို့သို့ဖြင့် ဇွင်လီသည် မာတင်လူသာ နောက်တွင်လာမည်ကို ကြိုတင်မျှော်နေခဲ့သလိုဖြစ်ပါသည်၊ လူသာသွန်သင်သည်နှင့်တူသော သွန်သင်ခြင်းများကိုလည်း သင်ပေးနေခဲ့ပါသည်။ မာတင်လူသာ ဘာပြောသည်ကို မသိဘဲ၊ အတော်လေးဆင်တူစွာ သူ့ဘာသာသူ တွေးခေါ်နေခဲ့ခြင်းဖြစ်ပါသည်။ ဇွင်လီ နာမည်ကျော် "လူသာပဓါနဝါဒီ"(humanist) အီရပ်စမတ်စ်နှင့် ရင်းနှီးခဲ့သည်မှာလည်း၊ ထို အိုင်းဒီဒဲန်မြို့

တွင် နေထိုင်ခဲ့စဉ်က ဖြစ်ပါသည်။ အီရပ်စမတ် ပထမဆုံး ဓမ္မသစ်ကျမ်း ဂရိစာမူကို ထုတ်ဝေခဲ့ခြင်းသည်လည်း ထိုအချိန်လောက်ကပင် ဖြစ်ပါသည်။ ဇွင်လီ အီရပ်စမတ်ကို အထူးပင် သဘောကျခဲ့ပါသည်။ သူထံ သွားရောက်လည်ပတ်သည်၊ သူ့သူငယ်ချင်းဖြစ်လာသည်၊ အီရပ်စမတ်ကို ဇူးရစ်မြို့သို့ ၁၅၂၂ တွင် ဖိတ်ကြားခဲ့ပါသေးသည်။ သို့သော် အီရပ်စမတ်က ငြင်းဆန်ခဲ့ပါသည်။ ဇွင်လီသည် အီရပ်စ်မတ်နှင့် အမြင်များစွာတွင် တူညီခဲ့ပါသော်လည်း၊ အီရပ်စမတ်၏ စယ်မီ-ပလဲဂျီးယန်းဝါဒ(Semi-pelagian-ism)ကိုတော့ လုံးဝမထောက်ခံခဲ့ခြင်းသည် ဇွင်လီအား ချီးမွမ်းစရာ ဖြစ်ရပါသည်။

ဇွင်လီ ဂလောင်ရပ်စ်နှင့်အိုင်းစီဒဲန်မြို့များတွင်နေထိုင်စဉ် သူသည် မိန်းမလွတ်နှင့်မှားယွင်းခြင်းဆိုသောအပြစ်ထဲသို့ ကျခဲ့ပါသည်။ ထိုသို့ကျဆုံးခြင်းက သူ၏အသင်းတော်ရှိနေရာကို ဘာမှမထိခိုက်ခြင်းသည်၊ ထိုစဉ်က ထိုသို့သောအကျင့် မည်မျှဖြစ်ရိုးဖြစ်စဉ်သဖွယ် ဖြစ်နေခဲ့သည်ကို သက်သေပြနေပါသည်။ သို့သော် ဇွင်လီသည် ထိုအပြစ်အတွက် နောက်ပိုင်းတွင် အလွန်နောင်တရခဲ့ပါသည်၊ ထိုအပြစ်၏ဝန်ထုတ်ကို သူ့ဘဝတလျှောက် ခံယူအသက်ရှင်သွားခဲ့ပါသည်။

ဇွင်လီ မည်သည့်အခါတွင်မျှ သူ၏ "လူသာပဓါန"(humanistic view)အမြင်မှ မလွတ်ခဲ့ပါ။ ဆွစ်ဇာလန်နိုင်ငံကိုပြန်လည်ပြုပြင်သူ(ရီဖေါမ်းမား)ဆိုသောအဆင့် ရောက်သည်အထိပင် သူ့သီဩလော်ဂျီတွင် ထို "လူသာပဓါန"အမြင် ကျန်ရှိနေခဲ့ပါသည်။ သူ၏ဂန္ထဝင်စာပေများကို ဖတ်လွန်းခြင်းနှင့် အီရပ်စမတ်အား သဘောကျလွန်းခြင်းက ထိုသို့ဖြစ်စေခဲ့ခြင်းဖြစ်သည်။

**ဇွင်လီ ပြောင်းလဲခြင်း**

ဇွင်လီ၏ပြောင်းလဲခြင်းသည် တဖြည်းဖြည်းခြင်း ဖြစ်ပါသည်။ အိုင်းစီဒဲန်းမြို့တွင် နေထိုင်ချိန်ကပင် စနေခဲ့ပြီဖြစ်သည်။ သို့သော် ဇူးရစ်ချ်မြို့ရောက်မှသာ ပြည့်ပြည့်ဝဝပေါ်လာခဲ့ပါသည်။ ထိုအဖြစ်ကို ဇွင်လီက ၁၅၁၈ ခုနှစ် ပြီးခါနီးချိန်လောက်တွင်ဖြစ်မည်ဟုပြောပြပါသည်။ ထိုပြောင်းလဲခြင်းရောက်လာဖို့ ဘုရားသခင်သည် နည်းလမ်းအချို့ကို အသုံးပြုခဲ့ပါသည်။

အသင်းတော်သည် ပြုပြင်ဖို့လိုအပ်ကြောင်းကို တနေ့ထက်တနေ့ ပြင်းထန်စွာသဘောပေါက်လာသည်၊ လူတို့၏ဝိညာဉ်များကို ဖျက်ဆီးနေသော ရိုမန်ကက်သလစ်ဂိုဏ်းအား ပို၍မုန်းတီးလာသည်။ သူ၏လေ့လာခြင်းကို ကျမ်းစာဖက်သို့ ပို၍ရောက်စေလေ၊ ကျမ်းစာသည်သာလျှင် ဘာကိုယုံကြည်ရမည်၊ အသင်းတော် ဘယ်လိုအသက်ရှင်ရမည် စသည်တို့အတွက် သြဇာအရှိဆုံးဖြစ်သည်ကို၊ ပို၍တွေ့မြင်လာလေလေ ဖြစ်ခဲ့ပါသည်။ ထိုသို့ သူသည် မာတင်လူသာထက်စောစွာ သိမြင်ခဲ့ခြင်းဖြစ်ပါသည်။ အမှန်ပြောရလျှင် ဇွင်လီ သူ၏အမှုတော်ကို စတင်ခဲ့ချိန်သည် ၁၅၁၉ ဇန်နဝါရီလ ၁ ရက်၊ သူ့အသက် ၃၅ နှစ်ပြည့်ချိန်တွင်ဖြစ်သည်၊ ရှင်မဿဲ ခရစ်ဝင်ကျမ်းကို စနစ်တကျအသေးစိတ်အနက်ဖွင့်ဟောကြားခြင်းဖြင့် စတင်ခဲ့ပါသည်။ နောက်လေးနှစ်ထိ ဆက်တိုက်၊ ဓမ္မသစ်ကျမ်းကို စနစ်တကျ တအုပ်ပြီးတအုပ် အနက်ဖွင့်ဟောကြားခဲ့ပါသည်။ ရှင်မဿဲ မှ တမန်တော်ဝတ္ထုအထိ၊ ထို့နောက် ပေါလု၏ သြဝါဒစာများ၊ ထို့နောက် အခြားသြဝါဒစာများ၊ ဗျာဒိတ်ကျမ်းမှလွဲ၍ အားလုံးကို အနက်ဖွင့်ဟောကြားခဲ့ပါသည်။ တပတ်တာနေ့ရက်များတွင် ဆာလံကျမ်းများကို ဟောကြားပါသည်၊ ထိုသို့အသေးစိတ်လေ့လာအနက်ဖွင့်ဟောကြားခြင်းက သူ့အသက်တာကိုလည်း ပြောင်းလဲစေခဲ့ပါသည်။

၁၅၂၀ တွင် ပလိပ်ရောဂါကြီး၊ ဇူးရစ်ချ်မြို့သို့ ကျရောက်ပါသည်၊ လူပေါင်း ၂၅၀၀ သေဆုံးသည်၊ နည်းသည်ဟုမထင်လေနှင့် တမြို့လုံး လူဦးရေ၏ သုံးပုံတပုံဖြစ်ပါသည်။ ဇွင်လီ သူ့အသင်းသူ/သားများအား ကူညီနေခြင်းတွင် မမောနိုင်မပမ်းနိုင် ကြိုးစားနေခဲ့ပါသည်။ နောက်ဆုံး သူကိုယ်တိုင် ပလိပ်ရောဂါဖြင့် လဲသည်အထိဖြစ်သည်။ သူသည် သေမတတ် ဖျားနာခဲ့သည်၊ ထိုရောဂါဖြင့် ဘုရားသခင်က သူ့ကို လူသစ်ဖြစ်လာစေခဲ့သည်။ ထိုအဖြစ်အပျက်အတွက် သူသည် ကဗျာတပုဒ် ရေးစပ်ခဲ့ပါသည်။

အို သခင်၊ အကျွန်ုပ်အား ကူညီတော်မူပါ၊ ကိုယ်တော့်အသံတော်ဖြင့် ကူညီတော်မူပါ၊
အကျွန်ုပ်၏ခွန်အား၊ အကျွန်ုပ်၏ကျောက်၊ ဘဝ၏အလယ်ဗဟိုတွင်၊
ကြည့်ပါ၊ တံခါးဝတွင် အကျွန်ုပ်ဝိညာဉ်ကို ပြန်ခေါ်တော်မူသည်၊
သေခြင်း၏တံခါးခေါက်သံကို ငါကြားခဲ့ရသည်၊ နားထောင်ရတော့မည်ဖြစ်သည်။
ကိုယ်တော့်လက်တော်ကို ကြွတော်မူလိုက်ပါ၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် တောင်းပန်ပါသည်၊
တချိန်က အကျွန်ုပ်အတွက် ထိုးဖေါက်ခြင်း ခံတော်မူခဲ့သော လက်များဖြစ်သည်၊ မြေကြီးကို အကျွန်ုပ် နုတ်ထွက်ပါသည်၊
သေခြင်းကို အောင်နိုင်လျှက်၊ ကောင်းကင်တွင် လုံခြုံလျှက်၊
အကျွန်ုပ်အား လွတ်လပ်ခွင့်ပေးတော်မူပါ၊ အဘယ့်ကြောင့်ဆိုသော် အကျွန်ုပ်သည် ကိုယ်တော့်လူဖြစ်ပါသည်။

**ရီဖေါမ်းမား(ပြန်လည်ပြုပြင်သူ)**

သူထိုဖျားနာခြင်းမှ ပျောက်ကင်းချိန်သည် အသင်းတော်ပြုပြင်ခြင်း စတင်ချိန်ဖြစ်ပါသည်။ ကျမ်းစာသည်သာ တခုတည်းသော စံနှုန်းဖြစ်သည်၊ ယုံကြည်ခြင်းနှင့်အသက်ရှင်မှုအတွက် တခုတည်းသောစံနှုန်းဖြစ်သည်ကို သေချာစွာသိပြီးသောအခါ၊ ဇွင်လီသည် ပြန်လည်ပြုပြင်ခြင်းကို မလုပ်ဘဲ ထိုင်မနေနိုင်တော့ပါ။ ဆွစ်ဇာလန်နိုင်ငံတွင် အသင်းတော်ပြန်လည်ပြုပြင်ခြင်းသည် ထူးခြားစွာ ဖြစ်ပေါ်လာခဲ့ပါသည်။ ပုံစံမှာ - ပြန်လည်ပြုပြင်သူ(ရီဖေါမ်မား)တို့က မြို့တော် (သို့) ပြည်နယ်(ကဲန်တုန် = canton) အုပ်ချုပ်ရေးကောင်စီအား(magistracy) ပြန်လည်ပြုပြင်ခြင်းအချို့ကိုလုပ်ဖို့လိုအပ်ကြောင်း တင်ပြကြသည်၊ အုပ်ချုပ်ရေးကောင်စီက တခါလူထုအစည်းအဝေကို ခေါ်ယူသည်၊ (သို့) ပြည်သူ့ကိုယ်စားလှယ်များကို အစည်းအဝေးကျင်းပဖို့ ခေါ်ယူသည်၊ ထိုအစည်းအဝေးသို့ ရိုမန်ကက်သလစ် သီဩလော်ဂျီယန်များနှင့် ပြည်လည်ပြုပြင်သူ(ရီဖေါမ်းမား)များကိုလည်း တက်ရောက်ရန် ခေါ်ယူသည်၊ နှစ်ဖွဲ့စ

လုံးက မိမိတို့ရပ်တည်ချက်များကို အုပ်ချုပ်ရေးကောင်စီရှေ့တွင် ခုခံကာကွယ်ဖို့ တောင်းဆိုသည်၊ ထို့နောက် ရီဖေါမ်းမားတို့၏ အိုင်ဒီယာများကို လက်ခံမည်မခံမည် ဆုံးဖြတ်ကြသည်။ ထိုသို့သော အငြင်းပွားမှုတိုင်းတွင် အုပ်ချုပ်ရေးကောင်စီများက ကျမ်းစာကိုသာ ကိုးကားရမည်ဟု သတ်မှတ်လေ့ရှိပါသည်။ (ထိုခေတ် ဆွစ်ဇာလန်သည် ယနေ့ခေတ်ကဲ့သို့ တနိုင်ငံမဟုတ်သေးပါ၊ မြို့ပြနိုင်ငံငယ်များ၊ (သို့) ပြည်နယ် ငယ်ကလေးများ၊ မိမိတို့ဘာသာ အုပ်ချုပ်ခဲ့ကြပါသည်။ စာရေးသူ)

ပထမအငြင်းပွားခြင်းကို ဇန်နဝါရီလ ၂၉၊ ၁၅၂၃ တွင်၊ ဇူးရစ်ချ်မြို့၌ ပြုလုပ်ခဲ့သည်၊ တက်ရောက်သူ လူထု (၆၀၀)ကျော်ရှေ့တွင် ပြုလုပ်ခြင်းဖြစ်သည်။ ရီဖေါမ်းမားများက မိမိတို့ပြောချင်သောအချက်များအတွက် လွယ်လွယ်ကလေး အနိုင်ရခဲ့ကြပါသည်၊ ထိုသို့ပင် နောက်ဖြစ်မည့် အငြင်းပွားခြင်းများတွင်လည်း ရီဖေါမ်းမားများကသာ လွယ်လွယ်ကလေး အနိုင်ရခဲ့ကြပါသည်။ ထိုသို့ အနိုင်ရရခြင်းမှာ သူတို့တင်ပြချင်သောအချက်များသည် ကျမ်းစာအပေါ် တည်မှီသောအချက်များ ဖြစ်သည်ကတကြောင်း၊ ရိုမန်ကက်သလစ်ဂိုဏ်းတွင် ကက်သလစ်အိုင်ဒီယာများကို ခြေခြေမြစ်မြစ်ငြင်းခုံနိုင်သည့် သီဩလော်ဂျီယန်များ မရှိခဲ့သည်ကလည်း တကြောင်း ဖြစ်ပါသည်။

အောင်ပွဲများ တပွဲနောက်တပွဲ ဆက်၍ရနေပါသည်။ ဇူးရစ်ချ် တွင်သာမက၊ ဆွစ်ဇာလန်နိုင်ငံ၏အခြားသော ပြည်နယ်(ကဲန်တုန် canton)ကလေးများတွင်လည်း အောင်ပွဲဆက်တိုက် ရနေခဲ့ပါသည်။ အငြင်းပွားမှု ကျင်းပရာ နေရာတိုင်းတွင်နိုင်နေပါသည်။ အစာရှောင်ဆုတောင်းခြင်းများကို ဖျက်သိမ်းကြသည်၊ ဘုန်းတော်ကြီးများ အိမ်ထောင်မပြုခြင်းသည် ကျမ်းစာနှင့်မညီဟု သဘောပေါက်လာကာ ဖျက်သိမ်းကြသည်။ ကျမ်းစာကို လူတိုင်းပြောသောစကားသို့ ဘာသာပြန်ကြသည်၊ ရုပ်တုဆင်းတုများ၊ ရုပ်ပုံကားချပ်များ၊ ဓာတ်တော်မွေတော်များကို အသင်းတော်ဘုရားကျောင်းများမှ ဖယ်ရှားပစ်ကြသည်။ ဘုရားကျောင်းများကိုပုတ်ရဟန်းမင်း၏ ချယ်လှယ်ခြင်းထိန်းချုပ်ခြင်းမှ လွတ်စေကြသည်။ ဘုန်းကြီးကျောင်းများကို ဖျက်သိမ်းကြသည်။ အစာရှောင်ဆုတောင်းခြင်းကို တားမြစ်သည်၊ မတ်စ်ပွဲတော်အစား သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို အစားထိုးကြသည်၊ တနှစ်တွင် လေးကြိမ်ပုံမှန်လုပ်ဖို့ ချမှတ်ကြသည်။ အသင်းတော်စည်းကမ်းထိန်းသိမ်းခြင်းကို အသင်းတော်၏ဌာနကိုင်တွယ်အမှုတော်ဆောင် အသင်းလူကြီးများဖြင့် ဆောင်ရွက်ကြသည်။ ကျမ်းစာကိုအနက်ဖွင့်ဟောကြားခြင်းအား အသင်းတော်တိုင်းအတွက် ချမှတ်ကျင့်သုံးကြသည်။

ပထမအငြင်းအခုံကို ဇူးရစ်ချ်မြို့တွင် ကျင်းပသည်၊ ဇွင်လီနှင့်သူ့နောက်လိုက်များက အပြတ်အသတ်အနိုင်ရသည်။ မြို့တော် အုပ်ချုပ်ရေးကောင်စီက ဇွင်လီ ကို “ဧဝံဂေလိအား ဆက်လက်ဟောပြောပါ၊ စစ်မှန်သော ကျမ်းစာကို ဆက်လက်ကြေညာပါ”ဟု တာဝန်ပေးအပ်ကြသည်။ အငြင်းအခုံမကျင်းပခင်ကလေးတွင် ဇွင်လီက သူယုံကြည်သော အချက်(၆၇)ချက်ကို ထုတ်ဝေခဲ့ပါသည်။ ထိုကြေညာချက်သည် အလွန်အရေးကြီးသည်၊ အဘယ့်ကြောင့်ဆိုသော် ရီဖေါ့မ်ယုံကြည်ခြင်းအား ပထမဆုံးကြေညာသောကြေညာချက်ဖြစ်သည်။ ၎င်းတို့က ဇွင်လီ ဘာယုံကြည်သနည်းဆိုသည်ကို ပြောပြနေကြပါသည်။ အချို့အချက်တို့ကို ကြည့်ပါမည်။

- အသင်းတော်၏ထောက်ခံချက်မပါလျှင်၊ ဧဝံဂေလိတရား(ကျမ်းစာ)သည် ဘာမှမဟုတ်ဟု ပြောသူများအားလုံး မှားယွင်းကြသည်၊ ဘုရားသခင်ကို စော်ကားသူများဖြစ်သည်။
- ဧဝံဂေလိတရား၏ အနှစ်ချုပ်မှာ၊ ဘုရားသခင်၏သားတော်စစ် ငါတို့သခင်ယေရှုခရစ်က၊ သူ၏ကောင်းကင်ဘုံမှခမည်းတော်၏အလိုတော်ကို ငါတို့ထံပြောပြသည်၊ ငါတို့ကို သူ၏အပြစ်ကင်းစင်ခြင်းဖြင့် ထာဝရသေခြင်းမှ ကယ်တင်သည်၊ ငါတို့ကို ဘုရားသခင်နှင့် ကြေအေးစေသည်။
- ထို့ကြောင့် ခရစ်တော်သည်သာ ကယ်တင်ခြင်းရရာ တခုတည်းသောလမ်းဖြစ်သည်၊ ယခွင်ကယ်တင်ခြင်းရခဲ့သူများအားလုံး၊ ယခုချိန်ကယ်တင်ခြင်းရသူအားလုံး၊ နောက်ပိုင်းတွင် ကယ်တင်ခြင်းရကြမည့်သူအားလုံး သူ့အားဖြင့်သာ ရကြသည်။
- ခရစ်တော်သည် ယုံကြည်သူအားလုံး၏ ဦးခေါင်းဖြစ်သည်၊ သူတို့သည် သူ၏ခန္ဓာဖြစ်သည်၊ သူသာမရှိလျှင် ကိုယ်ခန္ဓာ သေပြီဖြစ်သည်။
- ထိုဦးခေါင်းတွင် အသက်ရှင်ကြသူများအားလုံးသည် သူ၏ အင်္ဂါများဖြစ်ကြသည်၊ ဘုရားသခင့် သားသမီးများ ဖြစ်ကြပါသည်။ ၎င်းကို အသင်းတော်ဟုခေါ်သည်၊ ခရစ်တော်၏သတို့သမီးဖြစ်သည်၊ ကမ္ဘာလုံးဆိုင်ရာ(ကက်သလစ်)အသင်းတော်ဖြစ်သည်။
- ခရစ်တော်သည် ငါတို့ ဖြောင့်မတ်ခြင်းဖြစ်သည်။ ထိုနေရာမှ ဆက်၍ပြောနိုင်သည်မှာ ငါတို့အလုပ်များသည် ခရစ်တော်၏အလုပ်ဖြစ်နေသ၍ ကောင်းကြသည်၊ သို့သော် ငါတို့ကိုယ်ပိုင်အလုပ်များ ဖြစ်နေသ၍ မကောင်းကြ။

ထိုအမှန်တရားများသည် ကျွန်တော်တို့နှင့် အတော်ရင်းနှီးသောအမှန်တရားများဖြစ်ကြပါသည်၊ သို့သော် သတိပြုရမည်မှာ နှစ်ပေါင်းတထောင်ခန့် ပုတ်ရဟန်းမင်း၏မှားယွင်းခြင်းများနှင့် လမ်းမှားရောက်နေသောအသင်းတော်သို့ ကြေညာခဲ့ခြင်း ဖြစ်သည်။ သို့မှသာ မည်မျှတာသွားကြောင်း နားလည်နိုင်ပါမည်။ ပြန်လည်ပြုပြင်ခြင်း(ရီဖေါမေးရှင်း)ချိန်တွင် ဘုရားသခင်က မည်မျှကြီးမြတ်သောအလုပ်များကို လုပ်ခဲ့ကြောင်း နားလည်နိုင်ပါမည်။

ရီဖေါမေးရှင်း(ပြန်လည်ပြုပြင်ခြင်း)ကို ဇူးရစ်ချ်မြို့တော်တွင် အခိုင်အမာတည်ထောင်ပြီးသောအခါ၊ ၎င်းသည် ကျန်နေသော ဆွစ်ဇာလန်နိုင်ငံ၏ ပြည်နယ်များသို့လည်း လျှင်မြန်စွာ ပြန့်နှံ့ခဲ့ပါသည်။ ဇူးရစ်ချ်မှနေ၍ ဂလောင်ရပ်စ်၊ ချာဟောင်စင်၊ အေပင်ဇယ်လ်နှင့် စိန့်ဂေါလ်မြို့တော်များသို့ ပြန့်သွားပါသည်။ ထို့နောက် ဘန်းပြည်နယ်မှ ရီဖေါမေးရှင်းဥပဒေသများကို လက်ခံချိန်မှစ၍ အခြားသောပြည်နယ်များသို့ ဆက်လက်ပြန့်သွားခဲ့ပါသည်။ ဗောက်ပြည်နယ်၊ နူချက်တဲလ်ပြည်နယ်၊ ဂျီနီဗာ တို့သို့ ပြန့်သွားခဲ့ပါသည်၊ ဤ ဂျီနီဗာသို့ နောက်ပိုင်းတွင် ကဲလ်ဗင်ရောက်လာကာ ဆက်လုပ်ဆောင်မည်ဖြစ်သည်။ ထိုပြန်လည်ပြုပြခြင်းတိုင်းသည် ၎င်းတို့၏ခေါင်းဆောင်နှင့် ဇွင်လီတို့ နီးကပ်စွာအတူတူလုပ်ဆောင်ကြခြင်းဖြင့်သာ ဖြစ်လာကြခြင်းဖြစ်သည်။ ထို့အပြင် မြို့တော်/

ပြည်နယ် အုပ်ချုပ်ရေးကောင်စီ၏ အငြင်းပွားခြင်းအစည်းအဝေးကို ဆင့်ခေါ်ပေးခြင်းဖြင့် ဖြစ်လာခြင်းဖြစ်သည်။ ဘန်းပြည်နယ်မှ ဝန်ခံချက်ပြုသော ယုံကြည်ဝန်ခံချက်(၁၀)ချက်ကို စိတ်ဝင်စားစရာကောင်းသဖြင့် ဖော်ပြပါမည်။

- သန့်ရှင်းသောခရစ်ယာန်အသင်းတော်၊ ၎င်း၏တဦးတည်းသော ဦးခေါင်းသည် ခရစ်တော်ဖြစ်သည်၊ ၎င်းအသင်းတော်သည် ဘုရားသခင့်စကားတော်ကြောင့် ဖြစ်လာသည်၊ ဘုရားသခင့်နာမည်၌သာ ဆက်လက်တည်ရှိနေသည်။
- ခရစ်တော်၏အသင်းတော်က ဘုရားသခင့်စကားတော်နှင့်အညီမဟုတ်ဘဲ၊ မည်သည့်ဥပဒေ၊ မည်သည့်အမိန့်ကိုမျှ မပြုလုပ်။
- ခရစ်တော်သည်သာ တကမ္ဘာလုံး၏အပြစ်များအတွက် ကျေနပ်စေခြင်းကိုပြုပေးနိုင်သူ၊ ဉာဏ်ပညာ၊ ဖြောင့်မတ်ခြင်း၊ ကယ်တင်ခြင်း ဖြစ်ပါသည်။
- ယခုကျင့်သုံးနေကြသော မတ်စ်ပွဲသည် ကျမ်းစာနှင့်မညီသောအရာဖြစ်သည်။
- ခရစ်တော်တပါးတည်းသာ ငါတို့အတွက် အသေခံပေးသည်၊ ထို့ကြောင့် သူ့ကိုသာ တပါးတည်းသော ကြားဝင်ဖြန်ဖြေပေးသူ၊ ခမည်းတော်ဘုရားသခင်နှင့် ယုံကြည်သူတို့အကြား ရှေ့နေလုပ်ပေးသူအဖြစ် ချီးမြှောက်ထိုက်သည်။
- ကျမ်းစာက ငရဲကလေး(ပါဂက်တိုရီ)ဆိုသည်ကို လုံးဝမသိ။
- ရုပ်တုဆင်းတုများကို ကိုးကွယ်ခြင်းသည် ကျမ်းစာနှင့်ဆန့်ကျင်သည်။
- ဘုရားသခင်ဘုန်းတော်အတွက်နှင့် သူ၏သန့်ရှင်းသောစကားတော်အတွက် အရာအားလုံးဖြစ်နေကြသည်။

ဆွစ်ရီဖေါ်မေးရှင်း၏ အမြင့်ဆုံးအောင်မြင်ခြင်းသည်၊ ဇူးရစ်ချ်၊ ဘန်း၊ ဘေဆယ်နှင့် မြောက်ပိုင်းပြည်နယ်များ အားလုံးနီးပါး၊ ဆွစ်ဇာလန်အရှေ့ပိုင်းတခုလုံး ရီဖေါမ်းဖြစ်လာကာ၊ လုံးဝ ရိုမန်ကက်သလစ် မဖြစ်ကြတော့ချိန်၊ ၁၅၃၀ တွင် ရောက်ရှိခဲ့ပါသည်။

**အရေးကြီးသောအဖြစ်ပျက်သုံးခု**

သူလုပ်ခဲ့သောရီဖေါမ့်(ပြန်လည်ပြုပြင်ခြင်း)လုပ်ငန်းအပြင်၊ အရေးကြီးသောအဖြစ်အပျက်သုံးရပ်၊ ထိုအချိန် ဇွင်လီ ဘဝ၌ ဖြစ်ပျက်ခဲ့ပါသေးသည်။

ပထမအဖြစ်အပျက်၊ ဇွင်လီ အိမ်ထောင်ပြုခြင်း ဖြစ်သည်။

ရီဖေါမ်းမား(ပြန်လည်ပြုပြင်သူများ)သည် အိမ်ထောင်ပြုကြပါသည်၊ သို့သော် ရိုမန်ကက်သလစ်ဂိုဏ်းက စွပ်စွဲသလို၊ ထိန်းချုပ်၍မရသော အသွေးသားတပ်မက်မှုက ဝါးမြိုသောကြောင့်မဟုတ်ပါ၊ အိမ်ထောင်ပြုခြင်းသည် လူအတွက် ဘုရားသခင်က ဖန်ဆင်းထားသောအရာဖြစ်သည်ဟု နားလည်ကြ၍ဖြစ်သည်၊ ဘုရားသခင်က လူသားကထံ ပျော်ရွှင်စွာခံစားဖို့ ပေးထားသောလက်ဆောင်ဟု ကျမ်းစာနှင့်အညီ ကောင်းစွာသဘောပေါက်၍ အိမ်ထောင်ပြုခဲ့ကြခြင်းဖြစ်ပါသည်။ အကျိုးရလဒ်မှာ ရီဖေါမ်းမား(ပြန်လည်ပြုပြင်သူ)များက အိမ်ထောင်စုနှင့်အိမ်ထောင်ရေးအမြင်တို့ကို ဆက်လက်ပြုပြင်ပေးကြခြင်းဖြစ်သည်။

ထိုခေတ်အချိန်၏ အခြေအနေများကြောင့်၊ ဇွင်လီ တိတ်တဆိတ် လက်ထပ်ခဲ့ပါသည်။ နောက်(၂)နှစ်ကြာမှသာ သူငယ်ချင်းများက သိကြရပါသည်။ ဧပြီလ၊ ၁၅၂၄ တွင် သူသည် လူသိရှင်ကြား လက်ထပ်ခြင်းကို ပြန်လုပ်ပါသည်။ သူ့ဇနီးမှာ အဲန်နာရိုင်းဟပ်(Anna Reinhart)ဖြစ်သည်၊ သားသမီးသုံးဦးရှိသော မုဆိုးမဖြစ်သည်။ သားသမီးနောက်ထပ်(၄)ယောက် ထွန်းကားပါသည်။ ဇွင်လီ၏ စာများအရ သူ့အိမ်ထောင်ရေးသည်၊ ပျော်ရွှင်သောမိသားစုဘဝဖြစ်ပါသည်။ သူ့ဇနီးသည် အသင်းတော်တွင်လုပ်ကိုင်သော သူ့အလုပ်များအတွက် အလွန်အကူအညီရသူဖြစ်ပါသည်။

ဒုတိယအဖြစ်အပျက်မှာ အဲန်နာဘတ်တစ်အဖွဲ့များနှင့် အငြင်းပွားမှုဖြစ်သည်။

ဇွင်လီ ဇူးရစ်ချ်မြို့တွင်ရှိစဉ် အဲန်နာဘတ်တစ်ဝါဒ(Anabaptism) စတင်ထကြွလာခဲ့သည်။ ထိုအဖွဲ့သည် စစ်မှန်သောပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)ဖြစ်တည်ဖို့အတွက် အလွန်အန္တရယ်ပေးသောအဖွဲ့ဖြစ်သည်။ ၎င်းအဖွဲ့သည် ဩဝါဒယုံကြည်ခြင်းအရသာ ကျမ်းစာနှင့်မညီသည်မဟုတ်ပါ၊ ထိုအဖွဲ့ဝင်အချို့တို့သည် အစိုးရ/အုပ်ချုပ်ရေးပုံစံအားလုံးတို့ကို ဆန့်ကျင်သူများဖြစ်ကြပါသည်။ မြေကမ္ဘာပေါ်တွင် ကောင်းကင်နိုင်ငံတော်တည်ထောင်မည်ဆိုသော အစွန်းရောက်အဖွဲ့ဖြစ်သည်။ ဇွင်လီနှင့်သူ့နောက်လိုက်များက ထိုအဲန်နာဘတ်တစ်ဝါဒကို ပြင်းထန်စွာ ဆန့်ကျင်ခဲ့ကြသည်၊ လုပ်လည်းလုပ်သင့်ပါသည်။ သို့သော် ပြန်လည်ပြုပြင်သူများနှင့် လက်တွဲလုပ်ဆောင်ကြသော မြို့တော်ကောင်စီအုပ်ချုပ်ရေးအဖွဲ့က ၎င်းတို့ကို အပြင်းအထန် နှိပ်စက်ပါတော့သည်။ ၎င်းတို့ကို နယ်နှင်ဒဏ်ပေးသည်၊ ထောင်ချထားကြသည်၊ တချို့သောအဖြစ်အပျက်များတွင် ရေနှစ်သတ်ကြပါသည်။ အဲန်နာဘတ်တစ်ဝါဒသည် ကျန်နေသော(၁၆)ရာစုတလျှောက် ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)အတွက် အန္တရယ်ဖြစ်နေခဲ့ပါသည်။ အမြတ်မ်း ဖြစ်လေ့ရှိတတ်သည်မှာ၊ ဘုရားသခင်က ထိုသို့သော အခက်အခဲများ၊ ပြဿနာဖြေရှင်းရခြင်းများကို အသင်းတော်ကောင်းဖို့အတွက် အသုံးပြုခြင်းဖြစ်ပါသည်။ အဲန်နာဘတ်တစ်ဝါဒသည် ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)အတွက် စိုးရိမ်ရသောအန္တရယ်ဖြစ်သော်ညား၊ ထိုပြဿနာအတွက် ဆွစ်ပြန်လည်ပြုပြင်သူများက ပဋိညာဉ်သီအိုလော်ဂျီ(covenant theology)ကို ချက်ခြင်းတည်ဆောက်ခဲ့ကြပါသည်။ အဲန်နာဘတ်တစ်ဝါဒက ကလေးငယ်များအား ဗတ္တိဇံပေးခြင်းကို ကကန့်ကွက်သဖြင့် ၎င်းတို့ကိုဆန့်ကျင်ဖို့၊ ဇွင်လီသည် ကြီးမြတ်လှသောအမှန်တရားဖြစ်သည့်၊ ပဋိညာဉ်(covenant)အမှန်တရားကို ဖေါ်ထုတ်ခဲ့ပါသည်။ နောက်ပိုင်းတွင် အခြား ဆွစ်သီအိုလော်ဂျီယန်များက ပဋိညာဉ်အမှန်တရားကို ဆက်လက်တိုးတက်စေကြပါသည်။ ပဋိညာဉ်အမှန်တရားကို နက်ရှိုင်းစွာ ချစ်မြတ်နိုး

ကြသော ကျွန်တော်တို့သည် မိမိတို့၏ဝိညာဉ်ရေးရာဖခင်အဖြစ် ဂျွန်ကဲလ်ဗင်းကို မကြည့်ကြပါ၊ ဇွင်လီ၊ သူနှင့်အတူလုပ်ကိုင်ကြသော ဆွစ်ပြန်လည်ပြုပြင်သူများကိုသာ ကြည့်ကြပါသည်။

တတိယအဖြစ်အပျက်မှာ "မားဘာ့ဂ်မြို့၌ ပြုလုပ်သည့် မြင့်မားလှသောဆွေးနွေးခြင်း"(Marburg Colloquy)ဖြစ်ပါသည်၊ ၁၅၂၉ တွင် ကျင်းပခဲ့ပါသည်။ ညီညွတ်သောရိုမန်ကက်သလစ်တပ်ဖွဲ့များနှင့် ပဥ္စမမြောက်ချားလ်ဘုရင်၏စစ်တပ်များ စုဖွဲ့ကာ ပရိုတက်စတင့်များအား ခြေမှုန်းမည့်အန္တရယ်ရောက်လာ၍၊ ပရိုတက်စတင့်ပြည်နယ်များလည်း စည်းလုံးစွာခုခံနိုင်ကြဖို့ ထိုဆွေးနွေးခြင်းကို ကျင်းပခြင်းဖြစ်ပါသည်။ ထိုသို့စည်းလုံးညီညွတ်ဖို့ လူသာရန်ဝါဒ(လူသာသွန်သင်ခြင်းကိုလိုက်နာသူများ)နှင့် ဆွစ်သီဩလော်ဂျီယန်များကြား ခြားနားမှုများကို ပျောက်ကင်းစေမှုဖြစ်ပါသည်။ ထိုသို့ဖြစ်ဖို့ ထိုဆွေးနွေးပွဲညီလာခံကို ဂျာမန် ဆက်စွန်နယ် ခေါင်းဆောင်(Elector of Saxony)နှင့် ဆွစ်ဇာလန် ဟပ်စီးပြည်နယ်ခေါင်းဆောင်(Landgrave of Hesse)တို့က ဦးစီးကျင်းပခြင်းဖြစ်သည်။

လူသာ၊ မီလန်ခသွန်နှင့် အခြားဂျာမန်သီဩလော်ဂျီယန်များ တက်ရောက်ကြပါသည်။ ဇွင်လီနှင့်သူ၏သူငယ်ချင်း ဆွစ် ရီဖေါမ်းသီဩလော်ဂျီယန်များ တဖက်က တက်ရောက်ကြပါသည်။ ကဲလ်ဗင်းတော့ မလာနိုင်ခဲ့ပါ။ ဂျာမနီနိုင်ငံမှ ရီဖေါမ်းမား(ပြန်လည်ပြုသူများ)နှင့်ဆွစ်ဇာလန်နိုင်ငံမှ ရီဖေါမ်းမားများကြား၊ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာတွင် ခရစ်တော်မည်သို့ပါဝင်သည်ဆိုသောအချက်မှတပါး၊ နေရာအားလုံးတွင် သဘောတူနိုင်ကြပါဆိုသည်ကို ရှာဖွေတွေ့ရှိဖို့ အချိန် သိပ်မယူလိုက်ရပါ။ လူသာရန်အဖွဲ့များက သူတို့၏အိုင်ဒီယာ ခွန်စပ်စတန်တီးယေးရှင်း(ပွဲတော်မင်္ဂလာနှင့်အတူခရစ်တော်ပါဝင်သည်)ဆိုသည်ကို အခိုင်အမာစောင့်ထိန်းကြသလို၊ ဆွစ်သီဩလော်ဂျီယန်တို့ကလည်း မိမိတို့အမြင်ကို အလျှော့မပေးနိုင်ကြပါ။ လူသာ သည် ပြင်းထန်ခါးသီးနေပါသည်၊ နည်းနည်းမှ ဆွေးနွေး၍မရ ဖြစ်နေပါသည်။ သမိုင်းဆရာတဦးက ပြောသည်မှာ၊ ထိုသို့ဆွေးနွေးနေချိန်မှာပင် လူသာသည် သူ့ရှေ့စားပွဲပေါ်ရှိ ဖုန်များပေါ်တွင် "ဤအရာသည် ငါ့ကိုယ်ခန္ဓာ"ဟု ရေးသားနေပါသည်။ ထို့ကြောင့် ညစာပွဲတော်မင်္ဂလာတွင် ခရစ်တော်၏ တကယ့်ကိုယ်ခန္ဓာနှင့်အသွေးသည် ပါဝင်လျှက်ရှိသည်ဆိုခြင်းကို လူသာက ဆက်လက်ဆွဲကိုင်နေကြောင်း ထင်ရှားနေပါသည်။

မည်သို့မျှ သဘောတူညီမှုကို မရနိုင်ကြောင်း ထင်ရှားသောအခါ၊ ဆွစ်ကိုယ်စားလှယ်များက ဂျာမန်သီဩလော်ဂျီယန်များကို၊ သဘောမတူညီနိုင်သော်လည်း မိတ်ဆွေများသာဖြစ်ကြပါသည်ဟု ပြသသည့်အနေနှင့် လက်ဆွဲနုတ်ဆက်ကြဖို့ ပြင်ကြပါသည်၊ ထိုအခါ လူသာ၏ အေးစက်စွာဖြင့်၊ "မင်းတို့ ဝိညာဉ်သည် ငါတို့နှင့် တခြားစီဖြစ်သည်၊"ဟု မှတ်ချက်ပြုခြင်းကိုသာ ပြန်ရကြပါသည်။ ဇွင်လီ၏ မျက်ရည်ပြည့်ရိုသေလေးစားခြင်းဖြင့် ပြောဆိုခြင်း၊ လူသာကို ချစ်မြတ်နိုးစွာဆက်ဆံခြင်းတို့ကလည်း အနည်းငယ်လေးမျှပင် အကျိုးမရှိခဲ့ပါ၊ ထို့သို့ ရိုင်းပြစွာပြောဆိုခြင်းအတွက် နောက်ပိုင်းတွင် အတော်နောင်တရခဲ့ကြောင်း ပြောဆိုသွားပါသည်။

ပရိုတက်စတင့်များအကြား ညီညွတ်ခြင်းသည် မဖြစ်နိုင်ခဲ့ပါ။

**ဆန့်ကျင်ခံရခြင်း၊ စစ်ပွဲ၊ သေဆုံးခြင်း**

ရိုမန်ကက်သလစ်ဂိုဏ်းအတွက် အချို့သောဆန့်ကျင်တိုက်ခိုက်ခံရမှုမရှိဘဲ၊ ဆွစ်ဇာလန်နိုင်ငံ ပရိုတက်စတင့်နိုင်ငံဖြစ်သွားခြင်းကို မည်သို့မျှလက်မခံနိုင်ခြင်းသည် ခက်ခက်ခဲခဲ နားလည်ရမည့်ကိစ္စတော့ မဟုတ်ပါခြေ။

ထိုသို့သောဆန့်ကျင်မှုမျိုးကို ကက်သလစ်ဂိုဏ်းအဖြစ်ကျန်နေသေးသော ပြည်နယ်များမှ ပရိုတက်စတင့်များကို ပြင်းထန်စွာ နှိပ်စက်ခြင်းဖြင့် စတင်ပါသည်။ ပရိုတက်စတင့်တဦးမှာ အရှင်လတ်လတ် မီးရှို့အသတ်ခံရပါသည်။ မိမိတို့၏ အဖိနှိပ်ခံ၊ အသတ်ခံညီအကိုများကို ကယ်တင်ရန် ပရိုတက်စတင့်ပြည်နယ်များ စုစည်းလျှက်၊ မိမိတို့နိုင်ငံသားကက်သလစ်ဂိုဏ်းများကို စစ်တိုက်ဖို့ ပြင်ဆင်ကြရပါတော့သည်။ "ဓါးဖြင့်တိုက်ခိုက်သူများသည်၊ ဓါးဖြင့်သာသေရမည်"ဆိုသော သခင်ယေရှု၏စကားကို မေ့နေကြခြင်းဖြစ်ပါသည်။

၁၅၂၉ တွင် ရိုမန်ကက်သလစ်ပြည်နယ်များ စစ်တိုက်ဖို့ အဆင်မသင့်ကြပါ၊ ထို့ကြောင့် ငြိမ်းချမ်းရေးကိုသာ တောင်းဆိုကြပါသည်။ ဇွင်လီက ထိုသို့ ငြိမ်းချမ်းရေးမလုပ်ရန် အပြင်းအထန် ကန့်ကွက်ပါသည်၊ မှန်မှိုင်းစွာဖြင့် ရိုမန်ကက်သလစ်တို့အား အနိုင်ရဖို့ သေချာချိန်တွင် အနိုင်မတိုက်ပါက မည်သည့်အခါတွင်မျှ အခွင့်အရေးရနိုင်တော့မည်မဟုတ်ဘဲ၊ နောက်ဆုံးတွင် ဆုံးရှုံးကြရမည်ဟု ပြောဆိုလိုက်ပါသည်။ သူပြောသည့်အတိုင်းလည်း မှန်ပါသည်။

ရိုမန်ကက်သလစ်များသည် ငြိမ်းချမ်းရေးလုပ်ခြင်းကို အခွင့်ကောင်းယူ၍ တိတ်တဆိတ် စစ်ပြင်ကြပါသည်။ ပရိုတက်စတင့်ပြည်နယ်များက ရိုမန်ကက်သလစ်ပြည်နယ်များကို ပိတ်ဆို့ထားသဖြင့်၊ အချို့ကက်သလစ်ပြည်နယ်များ အငတ်ဘေးပင်ကြုံလာရပါသည်။ ထို့ကြောင့် ရိုမန်ကက်သလစ်များအဖို့ စစ်ပွဲမဖြစ်မနေပြုရတော့မည်ကဲ့သို့ ဖြစ်နေပါသည်၊ ထိုသို့ဖြင့် ၁၅၃၁ တွင် စစ်ပွဲစတင်ဆင်နွှဲကြပါတော့သည်။ ထိုစစ်ပွဲတွင် ပရိုတက်စတင့်များ အပြတ်အသတ်ရှုံးနိမ့်ကြပါသည်၊ သူတို့နှင့်အတူ စစ်သည်များ၏သင်းအုပ်အဖြစ် မရမက လိုက်ပါလာသူ ဇွင်လီလဲ တိုက်ပွဲတွင် ကျဆုံးပါသည်။

ဇွင်လီသည် သေတော့မည့်စစ်သားအား အားပေးနှစ်သိမ့်နေစဉ် ခေါင်းကို ကျောက်တုံးနှင့် အထုခံရခြင်းဖြစ်ပါသည်။ သူပြန်ထလာနိုင်သော်လည်း ထပ်ခါထပ်ခါ အထုခံရခြင်း၊ လှံ့ရှည်နှင့်အထိုးခံရခြင်းတို့ကြောင့် သေအံ့ဆဲဆဲအဖြစ်နှင့် လဲနေခဲ့ပါသည်။ သူ့ဒဏ်ရာကို ကြည့်ကာ "ဤဆင်းရဲဒုက္ခသည် မမှုလောက်ပါ၊ သူတို့က ကိုယ်ခန္ဓာကိုသာ သတ်နိုင်ကြပါမည်၊ သို့သော် ဝိညာဉ်ကိုတော့ မသတ်နိုင်ကြပါ"ဟု ကြွေးကြော်ခဲ့ပါသည်။ ကျန်သောနေ့တနေ့လုံး သစ်တော်သီးပင်တပင်အောက်တွင် လဲလျောင်းနေကာ၊ လက်နှစ်ဖက်ကို ယှက်လျှက် ဆုတောင်းဟန်ပြုကာ၊ ကောင်းကင်သို့ ကြည့်နေခဲ့ပါသည်။ ညနေချိန်ရောက်သော် အနိုင်ရ ကက်သလစ်စစ်တပ်ဖက်မှ ကောက်သင်းကောက်ဖို့ ကျန်နေခဲ့သောစစ်သားများက သူ့ကို ဘုန်းကြီးထံ အပြစ်ဝန်ချမည်လောဟု မေးကြပါ

သည်။ မချပါဆိုသည့်အနေနှင့် ခေါင်းခါပြလိုက်ပါသည်။ ထို့နောက်မကြာမီ၊ သူတို့အထဲမှတဦးက မီးတုတ်မီးရောင်ကြောင့်၊ သူသည် ဇွင်လီဖြစ်ကြောင်း မှတ်မိသွားပါသည်၊ ဓါးထုတ်၍၊ "ခေါင်းမာတဲ့ ဒိဋ္ဌိကောင် သေစမ်း"ဟုပြောကာ ထိုးသတ်လိုက်ပါသည်။

စစ်သားများ သူ၏သေခြင်းကို အလွန်ဝမ်းသာကြပါသည်၊ သူ့ကိုယ်ခန္ဓာကို လေးပိုင်းပိုင်းကာ၊ မိစ္ဆာဒိဋ္ဌိကောင်၏အပိုင်းအစများဟု မီးရှို့ကြပါသည်၊ သူ့ပြာများကို ဝက်ပြာများဖြင့် ရောနှောကာ အရပ်လေးမျက်နှာ လေထဲသို့ ကြဲဖြန့်ကြပါသည်။

ထိုသို့ဖြင့် ဘုရားသခင်၏သစ္စာရှိသော သက်သက်ခံများထဲမှတဦးသည် သေဆုံးခဲ့ပါသည်။

ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းစဉ်သည် ဆွစ်ဇာလန်နိုင်ငံတွင် တန့်သွားခဲ့ရပါသည်။

ဇွင်လီသည် တခါတရံ မူမမှန်သူဟု တွေ့ရပါသည်။ တဖက်က သူသည် ကျမ်းစာများအပေါ်သစ္စာရှိသော ပြန်လည်ပြုပြင်သူဖြစ်ပါသည်။ ကျမ်းစာသာလျှင် အကြွင်းမဲ့ဖြစ်သည်ဆိုသောအမှန်တရားကို လူသာအရင် အခိုင်အမာပြောဆိုခဲ့သူဖြစ်သည်။ ကယ်တင်ခြင်းသည် ခရစ်တော်အားဖြင့်သာရနိုင်သည်၊ ခရစ်တော်၏အသေခံပေးခြင်းဖြင့်သာ ရနိုင်သည်ကို အထူးအလေးထားပြောဆိုခဲ့ပါသည်။ ဘုရားသခင်၏ အစိုးရတော်မူခြင်းနှင့် ထာဝရမှ ကြိုတင်ခွဲခန့်မှတ်သားမှုအကြောင်းတို့ကို အထူးအလေးပြုကာ၊ ၎င်းတို့ကို သူ၏တရားပလ္လင်မှ မပြတ် ဟောပြောနေခဲ့ပါသည်။ သူသည် မှန်ကန်စွာ၊ ပြင်းထန်စွာ ရိုမန်ကက်သလစ်တို့ပြုမူခြင်းများသည် ကျမ်းစာနှင့်မညီဟု ဆန့်ကျင်ခဲ့ပါသည်။ သူသည် ပဋိညာဉ်သီအိုလော်ဂျီအတွက် အခြေခံအုတ်မြစ်ကိုလည်း ချပေးခဲ့ပါသည်။

သို့သော်လည်း၊ တဖက်တွင်မူ၊ သူသည် မည်သည့်အခါတွင်မျှ လူသာပဓါနဝါဒ(humanism)မှ မလွတ်မြောက်ခဲ့ပါ။ သူသေသည်အထိ ရုပ်တုဆင်းတုကိုးကွယ်သူများကြားမှ ထင်ရှားသူများ ကယ်တင်ခြင်းရနိုင်ကြပါသည်ဟု ယုံကြည်နေပါသည်။ မယုံကြည်သူမိဘများမှ မွေးဖွားလာကာ၊ ငယ်စဉ်ကပင် သေဆုံးသူအားလုံး ကောင်းကင်ဘုံရောက်မည်ဟု ပြောခဲ့ပါသည်။ သူသေသည်အထိ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)၏ရန်သူ လူသာပဓာနဝါဒီ အီရတ်စမတ်ကို ဆက်လက်၍သဘောကျနေခဲ့ပါသည်။

ထို့အပြင်၊ ရိုမန်ကက်သလစ်တို့၏ မတ်စ်ပွဲတော်ကို ဆန့်ကျင်လျှက်၊ သူသည် တဖက်စွန်းသို့ ရောက်သွားခဲ့ပါသည်၊ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာသည် သတိရအောက်မေ့ဖို့ပြုလုပ်ခြင်းမှအပ ဘာမှမဟုတ်ပါဟု သင်ပေးသည်အထိဖြစ်ပါသည်။ ကျွန်တော်တို့ချစ်ရသူကို သူ၏ဓါတ်ပုံဖြင့် အမြဲတမ်းမှတ်မိသတိရနေသည်နှင့်သာတူပါသည်ဟု ပြောခဲ့ပါသည်။ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)လုပ်ငန်း၌ အာလ်ရစ်ချ်ဇွင်လီ၏နေရာမှာ၊ နောက်ဆုံးတွင် ကဲလ်ဗင်းဩဝါဒ(Calvinism) ဖွံ့ဖြိုးပွင့်လန်းလာမည့် ဆွစ်ဇာလန်နိုင်ငံကို ကြိုတင်သန့်စင် ပြင်ဆင်ပေးခြင်း ဖြစ်ပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

*ကျမ်းစာဘာသာပြန်ကဏ္ဍ (Translation from KJV)*

**ဆာလံ ၂၁း၁–၁၃ (ဂျိန်းဘုရင်မူ)**

*Psalm 21:1-13*

အတော်ဆုံးအနုပညာရှင်၊ ဒေးဗစ်၏ဆာလံ၊

၁ - အိုး သခင်၊ ရှင်ဘုရင်သည် ကိုယ်တော့်ခွန်အားတွင် ဝမ်းမြောက်နေပါမည်၊- ထို့အပြင် ကိုယ်တော့်ကယ်တင်ခြင်းတွင် သူသည် မည်မျှဝမ်းသာနေပါမည်နည်း!

၂ - ကိုယ်တော်သည် သူ့ထံသို့ သူ့နှလုံးသား၏တောင့်တမှုကို ပေးတော်မူသည်၊ သူ့နှုတ်ခမ်းတို့မှ တောင်းဆိုသည်များကို ဘာတခုမှ ထုတ်မပေးဘဲ နေတော်မမူပါ။ ဆယ်းလား။

၃ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် သူ့ကို ကောင်းမြတ်ခြင်း၏ကောင်းချီးမင်္ဂလာများဖြင့် တွေ့တော်မူပါသည်၊- ကိုယ်တော်က သူ့ခေါင်းပေါ်တွင် စင်ကြယ်လှသောရွှေစင်သရဖူကို ဆောင်းပေးတော်မူပါသည်။

၄ - သူသည် ကိုယ်တော်၏အသက်ကို တောင်းပါသည်၊ ထိုအခါ ကိုယ်တော်က သူ့ကို ပေးတော်မူပါသည်၊ ရှည်လျားသောနေ့များစွာကိုပင် အမြဲတမ်း ပေးတော်မူပါသည်။

၅ - သူ၏ဂုဏ်ကျက်သရေသည် ကိုယ်တော့်ကယ်တင်ခြင်းတွင် ကြီးမြတ်လှပါသည်၊- ရိုသေလေးစားခံရခြင်း၊ ခန်းနားကြီးကျယ်ခြင်းတို့ကို ကိုယ်တော်သည် သူ့အပေါ်မှာ ထားတော်မူပါသည်။

၆ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် သူ့ကို ထာဝရကောင်းချီးခံရသူအဖြစ် ပြုလုပ်တော်မူသည်၊- ကိုယ်တော်သည် သူ့ကို ကိုယ်တော်၏မျက်နှာတော်အားဖြင့် အလွန့်အလွန်ပျော်ရွှင်နေသူ ဖြစ်စေတော်မူပါသည်။

၇ - အဘယ့်ကြောင့်ဆိုသော် ရှင်ဘုရင်သည် ကိုယ်တော့်ကိုသာ အားကိုး၍ဖြစ်ပါသည်၊ အမြင့်ဆုံးသောသူ၏ဂရုဏာတော်အားဖြင့် သူသည် နေရာမှ မရွေ့ရပါ။

၈ - ကိုယ်တော့်လက်တော်များက သူ၏ရန်သူအားလုံးကို ရှာတွေ့တော်မူမည်ဖြစ်သည်၊- ကိုယ်တော့်ညာဖက်လက်တော်က ကိုယ်တော့်ကို မုန်းသောသူများအား ရှာတွေ့တော်မူမည်ဖြစ်သည်။

၉ - ကိုယ်တော်သည် သူတို့ကို အလွန်ပူပြင်းသောဒယ်အိုးအတွင်း ရောက်နေသကဲ့သို့ ကိုယ်တော့်အမျက်တော်အချိန်တွင် ပြုတော်
မူပါမည်၊- ဘုရားသခင်သည် သူတို့ကို သူ၏အမျက်ဒေါသ၌ မြိုချတော်မူလိမ့်မည်၊ မီးသည်သူတို့ကို တောက်လောင်ဝါးမြိုပါလိမ့်
မည်။
၁၀ - သူတို့၏အသီးအပွင့်များကို ကိုယ်တော်သည် ကမ္ဘာပေါ်မှနေ၍ ဖျက်ဆီးပစ်တော်မူပါမည်၊ သူတို့၏မျိုးနွယ်များကို လူတို့၏
သားသမီးတို့ကြားမှ ဖျက်ဆီးပစ်တော်မူပါမည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် သူတို့က ကိုယ်တော်ကို ဆန့်ကျင်လျှက် ကြံစည်ကြသောကြောင့်ဖြစ်ပါသည်၊- သူတို့က သူတို့ အ
ကောင်အထည်မဖော်နိုင်သည့်၊ မကောင်းသောအကြံအစည်များကို တွေးတောကြပါသည်၊
၁၂ - ထို့ကြောင့် သူတို့၏မျက်နှာများကို ဆန့်ကျင်လျှက်၊ ကိုယ်တော့်မြားများကို လေးကြိုးပေါ်တင်ကာ အသင့်ဖြစ်စေချိန်တွင်၊
ကိုယ်တော်သည် သူတို့ကို နောက်သို့ပြန်လှည့်သွားစေပါသည်။
၁၃ - သခင်၊ ကိုယ်တော်သည် ကိုယ်တော့်ခွန်အားတော်တွင် ချီးမြှောက်ခြင်းကို ခံပါစေသတည်း၊- ထိုအခါ အကျွန်ုပ်တို့သည် ကိုယ်
တော့်တန်ခိုးတော်ကို ချီးမွမ်းကြပါမည်၊ သီချင်းဆိုကြပါမည်။

**ဆာလံ ၂၂း၁-၃၁ (ဂျိန်းဘုရင်မူ)**

***Psalm 22:1-31***

အိုင်ဂျီလက် ရှာဟာ (မနက်ခင်း၌ထွက်ပေါ်လာသော သမင်ဖို)၊ အတော်ဆုံး အနုပညာရှင် ဒေးဗစ်၏ဆာလံ
၁ - အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အဘယ့်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း? အဘယ့်ကြောင့် အကျွန်ုပ်အား
ကူညီဖို့ ကိုယ်တော်သည် ဝေးလွန်းနေရပါသနည်း? အကျွန်ုပ်၏ညီးတွားခြင်းစကားလုံးတို့မှ ဝေးနေရပါသနည်း?
၂ - အိုး၊ အကျွန်ုပ်၏ဘုရားသခင်၊ အကျွန်ုပ်သည် နေ့အခါ၌ပင် အော်ဟစ်နေရပါသည်၊ သို့သော် ကိုယ်တော်သည် ကြားတော်
မမူပါ၊- ညအချိန်များတွင်လည်း အကျွန်ုပ်သည် တိတ်ဆိတ်မနေပါ။
၃ - သို့သော် ကိုယ်တော်သည် သန့်ရှင်းတော်မူပါသည်၊ အိုး အစ္စရေးတို့၏ချီးမွမ်းခြင်းများ၌ နေထိုင်တော်မူသောသခင်။
၄ - အကျွန်ုပ်တို့၏ဖခင်များသည် ကိုယ်တော့်ကို ကိုးစားခဲ့ကြပါသည်၊- သူတို့ အားကိုးခဲ့ကြပါသည်၊ ကိုယ်တော်က သူတို့ကို ကယ်
လွှတ်ခဲ့ပါသည်။
၅ - သူတို့ ကိုယ်တော့်ထံ အော်ဟစ်ခဲ့ကြပါသည်၊ ထို့နောက် သူတို့သည် ကယ်လွှတ်ခံခဲ့ကြရပါသည်၊- ကိုယ်တော့်ကို သူတို့ အား
ကိုးခဲ့ကြသည်၊ သူတို့သည် အရှက်မကွဲခဲ့ကြပါ။
၆ - သို့သော် အကျွန်ုပ်သည် ပိုးကောင်တကောင်ဖြစ်ပါသည်၊ လူ မဟုတ်ပါ၊- လူတို့၏အနှိမ်ခံဖြစ်ပါသည်၊ လူထု၏အထင်သေးခံ
ဖြစ်ပါသည်။
၇ - အကျွန်ုပ်အား တွေ့သူအားလုံးက အထင်သေးစွာ ရယ်မောကြပါသည်၊- သူတို့နုတ်ခမ်းများကို ရွဲ့ပြကြပါသည်၊ ခေါင်းများကို ခါ
လျှက်၊
၈ - "သူသည် ဘုရားသခင်ကို အားကိုးသည် မဟုတ်လော? သူက သူ့ကို ကယ်လွှတ်ပါလိမ့်မည်၊- ကယ်တင်ပါစေ၊ သူက သူ့ကို
ချစ်မြတ်နိုးကြောင်း မြင်ရပါစေ၊"ဟု ပြောတတ်ကြပါသည်။
၉ - သို့သော် ကိုယ်တော်သည် အကျွန်ုပ်ကို မိခင်၏ဝမ်းမှ ထုတ်ယူတော်မူသူဖြစ်ပါသည်၊- အကျွန်ုပ် မိခင်နို့စို့ချိန်ကပင် အားကိုး
တတ်စေပါသည်။
၁၀ - အကျွန်ုပ်သည် မိခင်ဝမ်းမှပင် ရွေးခြင်းခံရပါသည်၊- အကျွန်ုပ်မိခင်၏ဝမ်းထဲမှပင် ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင်
ဖြစ်ပါသည်။
၁၁ - အကျွန်ုပ်ထံမှ ဝေးမသွားပါနှင့်၊- အဘယ့်ကြောင့်ဆိုသော် အန္တရာယ်သည် နီးလှပြီ၊- ကူညီမည့်သူလည်း မည်သူမျှမရှိပါ။
၁၂ - နွားသိုးကြီးများက အကျွန်ုပ်ပတ်လည်တွင် ဝိုင်းထားကြပါပြီ၊- ဗာရှန်နယ်မှ သန်မာသောနွားသိုးကြီးများသည် အကျွန်ုပ်ပတ်
လည်တွင် ရှိနေကြပါသည်။
၁၃ - ချိန်းခြောက်ဟိန်းဟောက်နေသော ခြင်္သေ့ကဲ့သို့ အကျွန်ုပ်ထံသို့ သူတို့ပါးစပ်များကို ဟထားကြပါသည်။
၁၄ - အကျွန်ုပ်သည် ရေကဲ့သို့ သွန်ပစ်ခြင်းခံရပါသည်၊ အကျွန်ုပ်၏အရိုးများသည် အဆစ်ပြုတ်လျှက် ရှိနေကြပါသည်၊- အကျွန်ုပ်
နှလုံးသားသည် ဖယောင်းကဲ့သို့ဖြစ်နေပါသည်၊- ၄င်းသည် အကျွန်ုပ်ဝမ်းထဲတွင် ပျော်ကျနေပြီဖြစ်ပါသည်။
၁၅ - အကျွန်ုပ်၏ခွန်အားသည် အိုးခြမ်းပဲ့ကဲ့သို့ ခမ်းခြောက်လျှက်ရှိပါသည်၊- အကျွန်ုပ်၏လျှာသည်လည်း အကျွန်ုပ်၏ မေးရိုးတို့၌
ကပ်လျှက် ရှိပါသည်၊- ကိုယ်တော်သည် အကျွန်ုပ်ကို သေခြင်း၏ဖုန်မှုန့်များသို့ ရောက်စေတော်မူပါသည်။
၁၆ - အဘယ့်ကြောင့်ဆိုသော် ခွေးများက အကျွန်ုပ်ကို ဝိုင်းထားကြပါသည်၊- လူယုတ်မာအုပ်စုသည် အကျွန်ုပ်ကို ဝိုင်းထားပါ
သည်၊- သူတို့က အကျွန်ုပ်၏လက်တို့နှင့် အကျွန်ုပ်ခြေကို ထိုးဖောက်ကြပါသည်။
၁၇ - အကျွန်ုပ်၏အရိုးတို့ကို အကျွန်ုပ်ပြောရပါမည်၊- သူတို့က အကျွန်ုပ်ကို စိုက်ကြည့်နေကြပါသည်။
၁၈ - သူတို့သည် အကျွန်ုပ်၏ဝတ်ရုံများကိုလည်း သူတို့ကြားတွင် ခွဲဝေကြပါသည်၊ အကျွန်ုပ်ဝတ်ရုံအတွက် ကြွေအံပစ်ကြပါသည်။
၁၉ - သို့သော် အကျွန်ုပ်ထံမှ ဝေးဝေးနေတော်မမူပါနှင့်၊ အိုး သခင်၊- အိုး အကျွန်ုပ်၏ခွန်အား၊ အကျွန်ုပ်အား ကူညီဖို့ရာ အလျှင်
အမြန် ကြွလာတော်မူပါ။

၂၀ - အကျွန်ုပ်၏ဝိညာဉ်ကို ဓါးဘေးမှ ကယ်လွှတ်တော်မူပါ၊- အကျွန်ုပ်ချစ်ရသူ၊ ခွေး၏တန်ခိုးမှ အကျွန်ုပ်ကို ကယ်လွှတ်တော်မူပါ။
၂၁ - ခြင်္သေ့ပါးစပ်မှ အကျွန်ုပ်ကို ကယ်တင်တော်မူပါ၊- အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အကျွန်ုပ်အော်သံကို နွားသိုးရိုင်းတို့၏ ချိုများကြားမှ ကြားတော်မူပါသည်။
၂၂ - အကျွန်ုပ်သည် ကိုယ်တော့်နာမည်ကို ညီအကိုမောင်နှမတို့ကြားတွင် ကြေညာပါမည်၊- အသင်းတော်အလယ်တွင် အကျွန်ုပ်ကိုယ်တော့်ကို ချီးမွမ်းပါမည်။
၂၃ - ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့၊ သူ့ကို ချီးမွမ်းကြပါ၊- ဂျေကော့ပ်၏မျိုးနွယ်အပေါင်းတို့၊ သူ့အားချီးမြှောက်ကြပါ၊ အစ္စရေး၏မျိုးနွယ်အားလုံးတို့ သူ့အား ကြောက်ရွံ့ကြပါ။
၂၄ - အဘယ့်ကြောင့်ဆိုသော် သူသည် ဖိစီးနှိပ်စက်ခံ၏ ဖိနှိပ်ခံရခြင်းများကို အထင်မသေးသလို၊ ရွံလည်းမရွံတတ်ပါ၊- ထို့အတူသူ၏မျက်နှာတော်ကိုလည်း သူ့ထံမှ ဝှက်မထားပါ၊- ထိုမှဆန့်ကျင်လျှက် သူ သူ့ထံ အော်ဟစ်သောအခါ၊ ကြားတော်မူပါသည်။
၂၅ - ကြီးသောအသင်းတော်ထဲတွင် အကျွန်ုပ်၏ချီးမွမ်းခြင်းသည် ကိုယ်တော့်ထံသို့သာ ဖြစ်ပါမည်၊- ကိုယ်တော့်အား ကြောက်ရွံ့သူတို့ရှေ့တွင် အကျွန်ုပ်သည် မိမိ၏သန္နိဋ္ဌာန်ကို ပေးဆပ်ပါမည်။
၂၆ - နှိမ့်ချသူသည် စားရမည်၊ ကျေနပ်နေရပါမည်၊- ဘုရားသခင်အား ရှာဖွေသူတို့သည် သူ့ကို ချီးမွမ်းကြရလိမ့်မည်၊- သင့်နှလုံးသားသည် ထာဝရ အသက်ရှင်ရလိမ့်မည်။
၂၇ - ကမ္ဘာကြီး၏အဆုံးသတ်အားလုံးက သတိရကာ၊ ဘုရားသခင့်ထံ ပြန်လှည့်ကြလိမ့်မည်၊- နိုင်ငံများတို့၏လူမျိုးစုံက ကိုယ်တော့်ရှေ့တွင် ဝတ်ပြုကြလိမ့်ဦးမည်ဖြစ်သည်။
၂၈ - အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော်သည် ကိုယ်တော့်ပိုင် ဖြစ်ပါသည်၊- သူသည် ကမ္ဘာ့နိုင်ငံများကို အုပ်ချုပ်သူဖြစ်သည်။
၂၉ - ကမ္ဘာပေါ်တွင် ဆူဝနေသူအားလုံးတို့က စားသောက်ကြလျှက်၊ ဝတ်ပြုကြမည်ဖြစ်သည်၊- မြေမှုန့်သို့ သွားကြသူအားလုံးတို့လည်း ကိုယ်တော့်ရှေ့တွင် ဦးညွှတ်ကြလိမ့်မည်၊- မည်သူကမျှ မိမိ၏ဝိညာဉ်ကို ရှင်နေဖို့ မထိန်းသိမ်းနိုင်ကြပါ။
၃၀ - နောင်လာနောက်သားတို့က သူ့အမှုကို ထမ်းဆောင်ကြလိမ့်မည်၊- နောက်မျိုးနွယ်ဆက်များသည် ဘုရားသခင့်ပိုင်ဖြစ်သည်ဟု သတ်မှတ်ပါလိမ့်မည်။
၃၁ - သူတို့ လာကြလိမ့်မည်၊ နောက်မွေးဖွားလာမည့်သူများထံ သူက ထိုအရာကို မည်သို့ပြုတော်မူခဲ့ကြောင်း၊ သူ၏ဖြောင့်မတ်ခြင်းကို ကြေညာကြပါလိမ့်မည်။

×××××××××××××××××××××

**ယာကုပ် ၁း၁–၂၇ (ဂျိန်းဘုရင်မူ)**
*James 1:1-27*

၁ - ဂျိမ်းစ်၊ ဘုရားသခင်နှင့်သခင်ယေရှုခရစ်၏အစေခံကျွန်မှ၊ အဝေးသို့ပြန့်လွင့်နေကြသော မျိုးနွယ် တဆယ့်နှစ်မျိုးသို့ နုတ်ခွန်းဆက်သပါသည်။
၂ - ငါ့ညီအကိုမောင်နှမတို့၊ သင်တို့သည် မျိုးစုံသော ဖြားယောင်းမှုများထဲသို့ ကျကြသောအခါ၊ ဝမ်းသာစရာဟု ထင်မှတ်ကြပါ၊-
၃ - သင်တို့၏ယုံကြည်ခြင်းကို စမ်းခြင်းက သည်းခံခြင်းကို ထုတ်လုပ်ပေးကြောင်း သိမှတ်ကြပါ။
၄ - သို့သော် သည်းခံခြင်းကို သူ၏ ပြည့်စုံသောအလုပ်အား လုပ်ဖြစ်စေဖို့ ခွင့်ပေးကြပါ၊ ထိုသို့ဖြင့် သင်တို့သည် အလုံးစုံပြည့်စုံကြမည်ဖြစ်သည်၊ ဘာမှလိုအပ်ချက်မရှိဘဲ ဖြစ်ကြပါမည်။
၅ - အကယ်၍ သင်တို့ထဲမှ တဦးဦးသည် ဉာဏ်ပညာလိုအပ်နေသည်ဆိုလျှင်၊ ထိုသူသည် ဘုရားသခင့်ထံတောင်းစေ၊ အော်ဂေါက်ကြိမ်းမောင်းခြင်း မရှိဘဲ၊ လူအားလုံးထံ ရက်ရောစွာ ပေးသူက၊ သူ့အား ပေးတော်မူလိမ့်မည်။
၆ - သို့သော် ထိုသူသည် ယုံကြည်ခြင်းနှင့် တောင်းပါစေ၊ ချီတုံချတုံ မည်သည်အတွက်မှ မရှိနှင့်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ချီတုံချတုံဖြစ်သူသည်၊ လေတိုက်သဖြင့် လှုပ်ခတ်နေသော ပင်ကယ်၏လှိုင်းများနှင့်တူသည်။
၇ - ထိုသူသည် သခင်ဘုရားထံမှ တစုံတရာ ရလိမ့်မည်ဟု မတွေးမိစေနှင့်။
၈ - စိတ်နှစ်ခွရှိသူသည် သူ၏ရှောက်လှမ်းခြင်းအားလုံးတို့တွင် မတည်ငြိမ်သူဖြစ်သည်။
၉ - နိမ့်ကျနေသောညီအကိုသည် မိမိ၏ချီးမြှောက်ခံရခြင်းတွင် ဝမ်းမြောက်နေပါစေ၊-
၁၀ - သို့သော် ချမ်းသာသူသည်၊ သူ၏နိမ့်ကျခြင်းအဖြစ်တွင် ဝမ်းမြောက်နေပါစေ၊- အဘယ့်ကြောင့်ဆိုသော် မြက်ပင်၏ပန်းပွင့်ကဲ့သို့ သူသည် ပျောက်သွားရပါမည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် နေသည် လောင်နေသောအပူချိန်ဖြင့် မကြာမှီထွက်လာသည်၊ ထို့နောက် ၎င်းက မြက်ပင်များကို ညှိုးနွမ်းသွားစေပါသည်၊ ထို့အတူ ပန်းပွင့်လည်း ကျဆုံးသွားပါသည်၊ ပန်းပွင့်၏လှပနေသောပုံသဏ္ဍာန်လည်း ပျက်ဆီးသွားရပါသည်၊- ထိုသို့ပင် ချမ်းသာသူလည်း သူ၏လမ်းများတွင် ပျောက်ကွယ်သွားရပါမည်။
၁၂ - ဖြားယောင်းသွေးဆောင်မှုကို ခံနိုင်သူသည် ကောင်းချီးခံစားရသူဖြစ်သည်၊- အဘယ့်ကြောင့်ဆိုသော် သူ့အား စမ်းခြင်းပြီးသောအခါ၊ သူသည် အသက်သရဖူကို လက်ခံရရှိမည်ဖြစ်သည်၊ ၎င်းကို သခင်ဘုရားက သူ့အားချစ်မြတ်နိုးသူတိုင်းကို ကတိပေးထားပါသည်။

၁၃ - လူတဦးသည် ဖြားယောင်းခြင်းခံရသောအခါ၊ ငါသည် ဘုရားသခင်၏ဖြားယောင်းသွေးဆောင်ခြင်းကို ခံရခြင်းဖြစ်သည်ဟု
မည်သူကမှ မပြောစေနှင့်၊- အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကို ဆိုးညစ်ခြင်းက ဖြားယောင်းခြင်း မပြုနိုင်၍ဖြစ်သည်၊ ထို့
အတူ မည်သူ့ကိုမျှလည်း ဆိုးညစ်ခြင်းဖြင့် ဖြားယောင်းတော် မမူပါ၊-
၁၄ - သို့သော် လူသည် မိမိတပ်မက်ခြင်းများ၏ ဆွဲခေါ်ခြင်းနှင့် ဆွဲဆောင်ခြင်းကို ခံရသောအခါ၊ ဖြားယောင်းခြင်းကို ခံရပါ
တော့သည်။
၁၅ - ထို့နောက် တပ်မက်ခြင်းသည် သန္ဓေတည်သောအခါ၊ ၎င်းက အပြစ်ကို မွေးထုတ်ပါသည်၊- ထို့နောက် အပြစ်သည် ပြည့်စုံ
ခြင်းသို့ရောက်သောအခါ၊ သေခြင်းကို မွေးထုတ်လိုက်ပါသည်။
၁၆ - ငါချစ်ရသော ညီအကိုမောင်နှမတို့ မမှားကြပါနှင့်။
၁၇ - ကောင်းမြတ်သောလက်ဆောင်တိုင်းနှင့် ပြည့်စုံသောလက်ဆောင်တိုင်းသည် အထက်မှလာပါသည်၊ အလင်းတို့၏ဖခင်ထံမှ
ဆင်းသက်လာကြပါသည်၊ သူ့ထံတော်တွင် ပြောင်းလဲတတ်ခြင်း လုံးဝမရှိပါ၊ ထို့အတူ လှည့်ပြောင်းခြင်းအရိပ်လည်း ရှိတော်မမူပါ။
၁၈ - မိမိ၏ကိုယ်ပိုင် အလိုတော်အားဖြင့် သူသည် ငါတို့ကို အမှန်တရား၏စကားတော်ဖြင့် မွေးဖွားတော်မူသည်၊ ထိုသို့ဖြင့်
ငါတို့သည် သူ၏ဖန်ဆင်းခံသတ္တဝါများထဲတွင် အဦးသီးသော အသီးတမျိုးဖြစ်လာဖို့ ဖြစ်ပါသည်။
၁၉ - သို့ဖြစ်၍၊ ငါချစ်ရသော ညီအကိုမောင်နှမတို့၊ အယောက်တိုင်းသည် နားထောင်ဖို့ လျှင်မြန်စေ၊ ပြောဖို့ နှေးကွေးစေ၊
ဒေါသထွက်ဖို့လည်း နှေးပါစေ၊-
၂၀ - အဘယ့်ကြောင့်ဆိုသော် လူ၏အမျက်ဒေါသက ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို မလုပ်ဆောင်နိုင်ပါ။
၂၁ - ထို့ကြောင့် အားလုံးသော ညစ်ညမ်းခြင်းများနှင့် များပြားလှသော ဆိုးညစ်မိုက်မဲခြင်း အားလုံးကို အဝေးသို့ ဖယ်ထားလိုက်
ကြပါ၊ ကိုင်းကူးစိုက်ပျိုးထားသောစကားတော်ကို နူးညံ့ခြင်းနှင့်လက်ခံကြပါ၊ ၎င်းက သင်တို့၏ဝိညာဉ်များကို ကယ်တင်နိုင်ပါသည်။
၂၂ - သို့သော် သင်တို့သည် စကားတော်ကို လက်တွေ့လုပ်ကိုင်ကြသူများဖြစ်ကြပါ၊ မိမိတို့ကိုယ်ကို လိမ်ညာလှည့်ဖြားကြလျှက်၊
ကြားသူများသာ မဖြစ်ကြနှင့်။
၂၃ - အဘယ့်ကြောင့်ဆိုသော် တစုံတဦးသည် စကားတော်ကို ကြားယုံသာကြားလျှက်၊ လက်တွေ့လုပ်ကိုင်သူမဟုတ်လျှင်၊ ထိုသူ
သည် မိမိ၏သဘာဝမျက်နှာကို မှန်ထဲတွင် ကြည့်သူနှင့်တူပါသည်၊-
၂၄ - အဘယ့်ကြောင့်ဆိုသော် သူသည် မိမိကိုယ်ကို တွေ့သော်လည်း၊ သူ့လမ်းသူဆက်သွား၍၊ သူသည် မည်သို့သောသူ ဖြစ်သည်
ကို ချက်ချင်းမေ့သွားတတ်ပါသည်။
၂၅ - သို့သော် လွတ်လပ်ခြင်း၏ ပြည့်စုံသော ဥပဒေသ အထဲသို့ ကြည့်မြင်သူသည်၊ ၎င်းအားဖြင့် ဆက်လက်အသက်ရှင်သူသည်၊
မေ့သွားတတ်သော ကြားနာသူမဟုတ်၊ အလုပ်ကို တကယ်လုပ်သောသူဖြစ်သည်၊ ထိုသူသည် သူ၏ဆောင်ရွက်ချက်များတွင်
ကောင်းချီးခံရလိမ့်မည်ဖြစ်သည်။
၂၆ - သင်တို့ကြားထဲမှ တဦးတယောက်သည် ဘာသာရေးကိုင်းရှိုင်းဟန်ရှိလျှက်၊ မိမိလျှာကို မထိန်းသောသူဖြစ်လျှင်၊ သူသည် မိမိ
နှလုံးသားကို လှည့်စားသူဖြစ်သည်၊ ထိုသူ၏ဘာသာရေးသည် အချည်းနှီးသာဖြစ်သည်။
၂၇ - စင်ကြယ်သောဘာသာရေးနှင့် ဘုရားသခင်နှင့်ခမည်းတော်ရှေ့တွင် မညစ်ညူးသောအရာသည် ဤအရာဖြစ်သည်၊ ဖခင်မဲ့
များကို စောင့်ရှောက်ခြင်း၊ မုဆိုးမများကို သူတို့၏ဒုက္ခအခက်အခဲများထဲ၌ ကြည့်ရှုစောင့်ရှောက်ခြင်း၊ မိမိကိုယ်ကို ဤကမ္ဘာလောက
၏ အစွန်းအထင်းမခံရရန် စောင့်ရှောက်ထိန်းသိမ်းခြင်း ဖြစ်ပါသည်။

**ဒေသနာကျမ်း ၉း၁–၁၈ (ဂျိန်းဘုရင်မူ)**

*Ecclesiastes 11:1-10*

၁ - သင့်မုန့်(အစာ)ကို ရေများပေါ်သို့ ပစ်ချလိုက်ပါ၊- ၎င်းကို သင်သည် ရက်များစွာ ကြာသောအခါ ပြန်တွေ့ပါလိမ့်မည်။
၂ - ခုနှစ်ယောက်ထံ စေစုကိုပေးပါ၊ ထို့အတူ ရှစ်ဦးထံလည်း ပေးပါ၊- အဘယ့်ကြောင့်ဆိုသော် မည်သို့သော ဆိုးညစ်ခြင်းသည်
မြေကမ္ဘာပေါ်ရောက်လာမည်ကို သင်မသိသောကြောင့် ဖြစ်သည်။
၃ - တိမ်များထဲတွင် မိုးရေအပြည့်ရှိလျှင်၊ ၎င်းတို့သည် မြေကမ္ဘာပေါ် ရွာချခြင်းဖြင့် မိမိတို့ကိုယ်ကို ဟင်းလင်းဖြစ်စေကြပါသည်၊-
အကယ်၍ သစ်ပင်သည် တောင်ဖက်သို့ လဲကျလျှင်၊ (သို့) မြောက်ဖက်သို့ လဲကျလျှင်၊ ၎င်းသည် မိမိလဲသောနေရာတွင် ရှိနေပါ
လိမ့်မည်။
၄ - လေကို သေချာလေ့လာသူသည် စိုက်ပျိုးလိမ့်မည်မဟုတ်၊- ထို့အတူ တိမ်များကို သေချာကြည့်သူလည်း ရိတ်သိမ်းခြင်း ပြုမည်
မဟုတ်ပါ။
၅ - ဝိညာဉ်၏လမ်းသည် မည်သို့ဖြစ်သည်ကို သင်မသိသကဲ့သို့၊ ဝမ်းထဲတွင် ကလေးရှိသောအမျိုးသမီးထဲ၌ အရိုးတို့သည် မည်သို့
ကြီးထွားလာကြကြောင်းကိုလည်း သင်မသိပါ၊- ထိုသို့နှင့်အညီ သင်သည် အရာအားလုံးကို ပြုလုပ်တော်မူသော ဘုရားသခင်၏
အလုပ်တို့ကို မသိပါ။
၆ - မနက်ခင်းတွင် သင်မျိုးစေ့ကြဲပါ၊ ညနေခင်းတွင် သင်လက်များကို ပိုက်မထားပါနှင့်၊- အဘယ့်ကြောင့်ဆိုသော် ဤအရာအား
ဖြင့် (သို့) ထိုအရာအားဖြင့်၊ တိုးပွားမည်မတိုးပွားမည်ကို သင်မသိပါ၊ (သို့) ၎င်းတို့နှစ်ခုစလုံး တူညီစွာကောင်းနိုင်ကြပါသည်။

၇ - အမှန်ပင် အလင်းသည် ချိုမြိန်ပါသည်၊ အမှန်ပင် ၎င်းသည် နေကိုတွေမြင်ဖို့ မျက်လုံးတို့အတွက် နှစ်လိုဖွယ်သောအရာ ဖြစ်ပါသည်၊-
၈ - သို့သော် လူတဦးသည် နှစ်ပေါင်းများစွာ အသက်ရှင်ခဲ့လျှင်လည်း၊ အရာအားလုံးကို ပျော်ရွှင်စွာ ခံစားခဲ့ရလျှင်လည်း၊- ထိုသူသည် မှောင်မိုက်သောနေ့ရက်များကို သတိရပါစေ၊- အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် များပြားလိမ့်မည်ဖြစ်ပါသည်။ လာသမျှ အရာအားလုံးသည် အချည်းနှီးမဲ့ခြင်းသာ ဖြစ်ပါသည်။
၉ - အိုး ငယ်ရွယ်သူ၊ သင့်နုပျိုခြင်း၌ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါလော့၊- နုပျိုစဉ် သင့်နှလုံးသားက သင့်ကို အားတက်စေပါလော့၊ သင့်နှလုံးသား၏လမ်းတို့သို့ လျှောက်သွားပါလော့၊ သင့်မျက်လုံးတို့၏အမြင်တွင် သွားလာပါလော့၊- သို့သော် သင်သိပါ၊ ထိုအရာများအားလုံးအတွက် ဘုရားသခင်က သင့်ကို တရားစီရင်ခြင်းသို့ ခေါ်သွားလိမ့်ဦးမည်။
၁၀ - ထို့ကြောင့် သင့်နှလုံးသားမှ ဝမ်းနည်းခြင်းကို ဖယ်လိုက်ပါ၊ သင့်အသွေးအသားမှ ဆိုးညစ်ခြင်းကို အဝေးသို့ ပို့ထားလိုက်ပါ၊- အဘယ့်ကြောင့်ဆိုသော် ငယ်ဘဝနှင့်နုပျိုခြင်းသည် အချည်းနှီးမဲ့ခြင်းသာ ဖြစ်ပါသည်။

++++++++++++++++++++++++++

**သခင်ဘုရား၏နေ့ (၄၁)**

၁၀၈။ သတ္တမပညတ်တော်က ကျွန်ုပ်တို့အား မည်သည်ကိုတောင်းဆိုပါသနည်း?

မသန့်ရှင်းသောအရာများအားလုံးသည် ဘုရားသခင်၏ကျိန်ခြင်းကိုခံရ၏။ ထို့ကြောင့် ၎င်းတို့ကို ကျွန်ုပ်တို့က မိမိတို့၏ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ရွံရှာမုန်းတီးရမည်။ သန့်ရှင်းသောအိမ်ထောင် ပြုခြင်း၌၎င်း၊ လူလွတ်အဖြစ်နှင့်၎င်း၊ စင်ကြယ်စွာ စောင့်ထိန်းဆင်ခြင်စွာ အသက်ရှင်ရမည်။

(ဝတ် ၁၈း၂၇၊ တရား ၂၉း၂၀-၂၃၊ ၁သက် ၄း၃-၄၊ ဟေဗြဲ ၁၃း၄၊ ၁ကော ၇း၄-၉)

၁၀၉။ ဤပညတ်တော်တွင် ဘုရားသခင်က သူ့မယားကိုပြစ်မှားခြင်းနှင့် ၎င်းကဲ့သို့ ကြီးမားသည့် အပြစ်များကိုသာ တားမြစ်ပါသလား?

ကျွန်ုပ်တို့၏ ခန္ဓာနှင့်ဝိညာဉ်နှစ်ခုလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမ္မာန်တော်များဖြစ်ကြသဖြင့်၊ ၎င်းတို့ကို စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်းတို့၌ စောင့်ရှောက်ထိန်းသိမ်းရန် ဘုရားသခင်က မိန့်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်က မစင်ကြယ်သည့်အပြုအမူများ၊ ကိုယ်ဟန်လက်ဟန်များ၊ စကားလုံးများ၊ အတွေးများ၊ အလိုဆန္ဒများနှင့်၊ ထိုသို့ဖြစ်ရန် လူသားတို့ကို မြူဆွယ်သည့်အရာများကို တားမြစ်ပါသည်။

(ဧဖက် ၅း၃၊ ၁ကော ၆း၁၈၊ မဿဲ ၅း၂၈၊ ဧဖက် ၅း၁၈၊ ၁ကော ၁၅း၃၃)